မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ နယုန်လဆန်း ၁ ရက်၊ ၂၀၀၇ ခုနှစ်၊ မေ ၁၆ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၆)၊ အမှတ် (၂၂၃)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အဲပုဂံလီမိတက်၏ပထမဆုံးပြည်ပခရီးစဉ်စတင်ပြေးဆွဲ မကြာမီပြည်ပခရီးစဉ်များ တိုးချဲ့ပြေးဆွဲရန်စီစဉ်နေ

ရန်ကုန် မေ ၁၅

မြန်မာနိုင်ငံသားပိုင် လေကြောင်းလိုင်းဖြစ်သည့် အဲပုဂံလီမိတက်၏ ပထမဆုံး ပြည်ပခရီးစဉ်အဖြစ် လေကြောင်းလိုင်းသစ် စတင်ပျံသန်းပြေးဆွဲခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက မင်္ဂလာဒုံမြို့နယ်ရှိ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သစ်အဆောက်အအုံ၌ ဖွင့်လှစ်လိုက်ပြီဖြစ်သည်။

ခရီးစဉ်များပြားလာ

မြန်မာ့လေကြောင်းခရီးစဉ်များတွင် ပြည်တွင်းနိုင်ငံသားပိုင် Air Bagan လေကြောင်းလိုင်းပါဝင်လာသဖြင့် ခရီးစဉ်များ ပိုမိုများပြားလာ၍ ကျေးဇူးတင်ကြောင်း၊ ယခုဆိုလျှင် နိုင်ငံသားပိုင် လေကြောင်းလိုင်းတစ်ခုအနေဖြင့် ပြည်တွင်းခရီးစဉ်များတွင်သာမက ပြည်ပခရီးစဉ်များကိုပါ ပျံသန်းတိုးချဲ့ပြေးဆွဲနိုင်၍ နိုင်ငံတော်အနေဖြင့် ဂုဏ်ယူမိကြောင်း၊ ယင်းလေကြောင်းလိုင်းသစ်ဖွင့်လှစ်လိုက်ခြင်းဖြင့် နိုင်ငံခြားသားခရီးသည်များ ယခင်ကထက် ပိုမိုလာရောက်တော့မည်ဖြစ်ကြောင်း အဆိုပါ အခမ်းအနားတွင် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် သိန်းဆွေက ပြောကြားခဲ့သည်။ **စာမျက်နှာ ၈ ကော်လံ ၁** ✻

ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် လှဌေးဝင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် သိန်းဆွေနှင့် အဲပုဂံလီမိတက်ဥက္ကဋ္ဌ ဦးတေဇတို့က အဲပုဂံလီမိတက် နိုင်ငံတကာခရီးစဉ်ပျံသန်းပြေးဆွဲခြင်း ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

ရန်ကုန်မှ ဗန်ကောက်သို့ ပျံသန်းပြေးဆွဲမည့် Air Bus A 310-200 လေယာဉ်ကို ဤသို့တွေ့ရသည်။

ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

မြန်မာ့အလင်း

သတင်း ဆောင်းပါးနှင့် အားကစား အညွှန်း

ရွှေခါးပတ်ချန်ပီယံဗီဗီ လက်ဝှေ့စွမ်းရည်ပြမည့် ဝင်းထွန်း(လယ်ယာ/ ဆည်မြောင်း)

မောင်မောင်မြင့်ဆွေ၏ သတင်းဆောင်းပါး (စာ-၆)

ရေးမြို့နယ် အစင်စံပြကျေးရွာ အမည်နှင့်လိုက်အောင် သန့်ရှင်းစင်ကြယ် ကျေးရွာပြည်သူအများစု ရေလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြ ပြည်သူများ ဗဟုသုတတိုးပွားစေရေး အစဉ်စာကြည့်တိုက်ဖွင့်လှစ်ပေး

ငါးများကို အရွယ်အစားလိုက် ဤသို့ချိန်တွယ် ရွေးချယ်ရသည်။

နနရီနှင့် တင်တင်ဝင်းတို့၏ သတင်းမြင်ကွင်း (စာ-၁၂)

ချယ်လ်ဆီးကွင်းလယ်ကစားသမား မီခေးလ် အက်ဖ်အေဗိုလ်လုပွဲနှင့်လွဲပြီ

ချယ်လ်ဆီးအသင်း ကွင်းလယ်ကစားသမား ဂျွန်အိုဘီ မီခေးလ်။

ကမ္ဘာတစ်လွှား အားကစား(စာ - ၁၃)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

16-5 (01) 1 5/15/07, 1:41 PM

မြန်မာ့အလင်း
၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ မေလ ၁၆ ရက်)

သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ပြည်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်

မိုးဦးကျကာလတွင် မိုးသည်းထန်စွာ ရွာသွန်းပြီး လေပြင်းများတိုက်ခတ်ခြင်းကြောင့် မြေပြိုခြင်း၊ မြစ်ချောင်းများ ရေကြီးခြင်း၊ ရေလွှမ်းမိုးခြင်း၊ ထူးကဲဒီရေတက်ခြင်း စသည့် ရေဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သည်။

ပင်လယ်ကမ်းရိုးတန်းဒေသများနှင့် မြစ်ချောင်းကမ်းနား ပတ်ဝန်းကျင်တွင် နေထိုင်ကြသည့် ပြည်သူများသည် ဒီရေတက်မှုအခြေအနေ၊ မြစ်ရေကြီးမှုနှင့် မုန်တိုင်းကျရောက်မှု သတိပေးချက်များကို ရုပ်မြင်သံကြား၊ ရေဒီယို၊ သတင်းစာများမှ ကြေညာချက်များကို ဂရုပြု ကြည့်ရှုနားဆင်၍ ကြိုတင်ကာကွယ်တားဆီးမှုများကို စီမံထားရမည် ဖြစ်သည်။

ဒေသအလိုက် သဘာဝဘေးအန္တရာယ်များမှ ကြိုတင်ကာကွယ်နိုင်ရန် မြစ်ရေတားတာပေါင်ရိုးများကို နေ့ညမပြတ် ကြည့်ရှုစစ်ဆေးနေကြရမည်ဖြစ်သည်။ သဲအိတ်၊ ကျောက်အိတ်များကို ကြိုတင်စုဆောင်းထားရှိရမည် ဖြစ်သည်။

ရေကြောင်း၊ လေကြောင်းပို့ဆောင်ရေးဌာနများ၊ ရေလုပ်သားများအနေဖြင့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသော ကြေညာချက်များကို ဂရုပြုမှတ်သားလိုက်နာကာ သယ်ယူပို့ဆောင် ခုတ်မောင်းပျံသန်းကြရန် လိုအပ်သည်။

သက်ဆိုင်ရာဒေသများရှိ အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများကလည်း ရာသီအပြောင်းအလဲကာလတွင် ဖြစ်ပွားနိုင်သော သဘာဝဘေးအန္တရာယ်များ မကျရောက်မီ ကြိုတင်ကာကွယ်ရေးလုပ်ငန်း စီမံချက်များကို စီမံရေးဆွဲထားကြရန် ဖြစ်သည်။

သို့ဖြစ်ရာ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပို့ဆောင်ရေးဆိုင်ရာ ဌာနများနှင့် တိုင်းရင်းသားပြည်သူများက သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ မရှိစေရေးအတွက် ကြိုတင်ကာကွယ်တားဆီးရေး လုပ်ငန်းများကို ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

MRTV-4 ရုပ်မြင်သံကြား

၁၆–၅–၂၀၀၇
(ဗုဒ္ဓဟူးနေ့)

- ၇:၀၀ MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
- ၇:၀၅ အလှူမတတ်ဒုက္ခထပ်တရားတော် (ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ)
- ၇:၅၀ Midweek Sports News
- ၈:၀၅ တေးဂီတအစီအစဉ်
- ၈:၁၀ သျှိသျှားမြေမှ စပျစ်ချို
- ၈:၄၀ တေးဂီတအစီအစဉ်
- ၈:၄၅ International Video Topics (တိမ်မြုပ်နေသောကမ္ဘာ)
- ၉:၂၅ တေးဂီတအစီအစဉ်
- ၉:၃၀ ပြည်တွင်းသတင်းအကျဉ်း
- ၉:၄၀ ခြေထောက်သွေးလွတ်ကြောကျဉ်းရောဂါ (အပိုင်း–၁) (ဒေါက်တာခင်မောင်အေး)
- ၁၀:၀၀ သီချင်းကောင်းကောင်းသီချင်းတောင်း
- ၁၀:၂၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၀:၃၀ မြစ်ရေတင်စိုက်ပျိုးရာတွင် ရေအလေအလွင့်နည်းပါးရေး
- ၁၀:၄၀ တေးဂီတအစီအစဉ်
- ၁၀:၄၅ တတိယအကြိမ် မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ
- ၁၁:၀၅ မိုးလေဝသခန့်မှန်းချက်
- ၁၁:၁၀ MRTV-4 စာအုပ်စင်ကဏ္ဍ [သံအမတ်ကြီး ဦးလှမောင်(ဘောဂ) နှင့် တွေ့ဆုံခြင်း]
- ၁၂:၀၀ တေးဂီတအစီအစဉ်
- ၁၂:၀၅ မြန်မာ့အကအခြေခံ ကဗျာလွတ်ကဟန် (အမျိုးသမီးကဗျာလွတ်)
- ၁၂:၁၅ တေးဂီတအစီအစဉ်
- ၁၂:၂၀ ပြည်တွင်းသတင်းအကျဉ်း
- ၁၂:၃၀ မြစ်သာတံတား
- ၁၂:၄၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၂:၄၅ တေးဂီတအစီအစဉ်
- ၁၂:၅၀ စားဖွယ်အဖုံဖုံ မုန့်မျိုးစုံ (ပုလဲ Milk Shake ပြုလုပ်နည်း)
- ၁:၀၀ MRTV-4 အပိတ် Logo

အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇နာရီမှ မွန်းလွဲ ၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ်၊ လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြဝတီရုပ်မြင်သံကြား

၁၆–၅–၂၀၀၇ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၅ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၃၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၅၀ ၅။ မျိုးချစ်တပ်မတော်
- ၅:၁၀ ၆။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
- ၅:၂၀ ၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅:၃၀ ၈။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅:၅၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၂။ မိုးလေဝသသတင်း
- ၆:၂၅ ၁၃။ လျှပ်တစ်ပြက်
- ၆:၄၀ ၁၄။ လှုပ်လှုပ်ရှားရှားပုံရိပ်များ
- ၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရှိတော့ ရှိတယ် ရှားတယ်** (အပိုင်း–၁၈)
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၈။ English Usage
- ၁၉။ ဗွီစီဒီကျော်ကြားတေးများ
- ၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မိုးနဂါးသိုင်းရှစ်ကွက်** (အပိုင်း–၂၇)

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်း ဒေါပုံမြို့နယ်နေ ဦးထွန်းအောင်–ဒေါ်မြတ်စော (အကယ်ဒမီ အုတ်၊ သဲ၊ ကျောက် ရောင်းဝယ်ရေး)မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းကို ပိဋကနှစ်ပုံဆောင် ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာလင်္ကာရထံ ရေစက်ချအနုမောဒနာတရား နာယူပြီး တိ=နိ(ပင်မ) ဥက္ကဋ္ဌ ဦးအေးဖေထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနား တောင်ငူ၌ ကျင်းပ တိုင်းမှူး ဗိုလ်ချုပ်ကိုကို တက်ရောက် အမှာစကားပြောကြား

ရန်ကုန် မေ ၁၅

ပဲခူးတိုင်း (၆၁)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို မေ ၅ရက် နံနက်ပိုင်းက တောင်ငူမြို့ ခရိုင်ပြည်သူ့အားကစားကွင်းကြီး၌ ကျင်းပရာ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို တက်ရောက်အမှာစကားပြောကြားပြီး(အောက်ပုံ)ရဲသူရတံဆိပ်ရရှိသူ မီးသတ်တပ်သား သန့်ဇင်ဦးနှင့် စွမ်းရည်ပြိုင်ပွဲတံခွန်စိုက်ဆုရ ရေတာရှည်မြို့နယ်မှ မီးသတ်ဒုတိယဦးစီးမှူး ဦးကြည်ထွန်းတို့အား ဆုများချီးမြှင့်ပေးအပ်လိုက်သည်။

ဆုနှင့် ဂုဏ်ပြုမှတ်တမ်းပေးအပ်

အခမ်းအနားတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ကိုကိုအား စစ်ရေးပြတပ်ခွဲမှူး ဦးစီးအရာရှိ ဦးသန်းထွေးက စစ်ရေးပြအခမ်းအနားဖြင့် ကြိုဆိုဂုဏ်ပြုခြင်း၊ စစ်ရေးပြခြင်း၊ မီးသတ်စက်ကြီး၊ စက်ကလေးများဖြင့် ပြိုင်ပွဲဝင်ခြင်း၊ မီးသတ်ကျင့်ဝတ်ပြိုင်ပွဲများ၊ အထပ်မြင့်အဆောက်အအုံမှ အသက်ကယ်နည်း၊ လက်နက်ဖြင့် စစ်ရေးပြသရုပ်ဖော်ခြင်းနှင့် မီးသတ်ကားဖြင့် ရေပက်သရုပ်ပြသခြင်းများကို ပြသခဲ့ကြပြီး စခန်းသာယာရေးဆုရ တောင်ငူမြို့နယ် မီးသတ်စခန်း ဦးစီးအရာရှိ ဦးအေးသန်းနှင့် လုပ်သက် ၂၅ နှစ်အထက် စေတနာ့ဝန်ထမ်း တာဝန်ထမ်းဆောင်ခဲ့ကြသော အရန်မီးသတ်တပ်ဖွဲ့ဝင်များအား ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ ပဲခူးတိုင်း မီးသတ်ဦးစီးဌာနမှူး ရဲသူရိန်လှမြင့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆုများနှင့် ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်ကြသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ တောင်ငူလေတပ်စခန်း ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ကျော်အောင်၊ တိုင်း၊ ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များ၊ ပဲခူးတိုင်းအရှေ့ခြမ်း ပဲခူးနှင့် တောင်ငူခရိုင်အတွင်းရှိ မြို့နယ်များမှ အရန်နှင့် သန္နေမီးသတ်တပ်ဖွဲ့ဝင် ၇၀၀ ခန့် တက်ရောက်ကြသည်။ **(၃၀၃)**

ဘဏ်၊ အခွန်ဆိုင်ရာနှင့် အာမခံလုပ်ငန်းများဆောင်ရွက်မှု ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၅

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ လိုက်ပါလျက် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ်က ကြီးမှူးဖွင့်လှစ်သည့် အခြေခံကွန်ပျူတာသင်တန်းအမှတ်စဉ်(၁/၂၀၀၇)သို့ တက်ရောက်နေသော သင်တန်းသားများ၏ သင်ကြားနေမှုတို့ကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြတ်မော်နှင့် သင်တန်းနည်းပြတို့က တစ်နိုင်ငံလုံးရှိ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲများမှ ဝန်ထမ်းများအားစုစည်း၍ ကွန်ပျူတာအသုံးချ ဘဏ်လုပ်ငန်းဆိုင်ရာ သင်ကြားပို့ချနေမှုများကို ရှင်းလင်းတင်ပြကြသည်။

ပြောကြား

ထို့နောက် ဝန်ကြီးက ဌာနများ၏ လုပ်ငန်းစွမ်းဆောင်ရည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးစေရန် ယခုကဲ့သို့ အခြေခံကွန်ပျူတာသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း၊ သင်တန်းတွင် ပို့ချမည့်နည်းပညာများကို ပိုင်နိုင်စွာနားလည် သဘောပေါက်သည်အထိ လေ့လာသင်ယူပြီး လက်တွေ့လုပ်ငန်းခွင်တွင် အကျိုးရှိစွာအသုံးချနိုင်စေရန် ကြိုးစားသွားရမည်ဖြစ်ကြောင်း၊ စာတွေ့လက်တွေ့ သင်ခန်းစာများသာမက ဆက်စပ်လျက်ရှိသည့် အသုံးချဘာသာရပ်များကိုပါ ရေရှည်လေ့လာသွားခြင်းအားဖြင့် သင်တန်းသားများ၏ အရည်အသွေး၊ ဌာန၏ လုပ်ငန်းစွမ်းဆောင်ရည်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သွားမည်ဖြစ်ကြောင်းဖြင့် အကျယ်တဝင့် ပြောကြားသွားသည်။

ဂရုပြုဆောင်ရွက်

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ပျဉ်းမနားမြို့ မြန်မာ့စီးပွားရေးဘဏ်ရှိ ငွေလွှဲဌာနစိတ်၊ စာရင်းဌာန၊ ဘဏ်တွင်း စာရင်းစစ်ဌာန၊ စီမံရေးရာဌာန၊ ပင်စင်ဌာနစိတ်၊ငွေစုဘဏ်ဌာနစိတ်တို့၌ ဘဏ်လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ ကွန်ပျူတာဖြင့်ငွေစုဘဏ် အတိုးတွက်ချက်ပေးနေမှုများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ပျဉ်းမနားမြို့ ပြည်တွင်းအခွန်များဦးစီးဌာနသို့ ရောက်ရှိစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် နေပြည်တော်ရှိ မြန်မာ့အာမခံလုပ်ငန်း တိုင်းမန်နေဂျာရုံးသို့ ရောက်ရှိစစ်ဆေးရာ မြန်မာ့အာမခံလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဒေါက်တာမောင်မောင်သိမ်းနှင့် သက်ဆိုင်ရာတာဝန်ခံအရာရှိတို့က လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက အာမခံလုပ်ငန်းသို့ လာရောက်ဆက်သွယ်သော ပြည်သူများအား ဆက်ဆံရာတွင် ချိုသာပြေပြစ်သည့် ဆက်ဆံမှုများဖြင့် ပြည်သူလူထုကို အလုပ်အကျွေးပြုသွားရန် လိုအပ်ကြောင်း၊ အာမခံလုပ်ငန်း၏ လုပ်ဆောင်ချက်များကို ပြည်သူများ နားလည်သဘောပေါက်စေရန် အသိပညာပေး စည်းရုံးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တာဝန်နှင့် ရပိုင်ခွင့်များဖြင့် ကိုယ်ကျိုးရှာဖွေခြင်းမပြုသော၊ ပြည်သူများ ယုံကြည်အားကိုးရသော ဝန်ထမ်းကောင်းများအဖြစ် ရပ်တည်နိုင်စေရေး ကြိုးပမ်းသွားကြရန် ဖြစ်ကြောင်း စသည်ဖြင့် အကျယ်တဝင့် ပြောကြားသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

■ *ကျောဖုံးမှ*

ရှင်းလင်းတင်ပြ

ယင်းနောက် ဝန်ကြီးသည် တည်ဆောက်ရေးစီမံကိန်းအတွင်းရှိ Incubation Center များ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိလာရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို တင်ပြပြီး ဝန်ကြီးက သတ်မှတ်ချိန်အတွင်းပြီးစီးရေး မှာကြား၍ တည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်၌ စီမံကိန်းကြီးကြပ်မှုကော်မတီဝင်များ၊ အရည်အသွေးထိန်းသိမ်းရေးကော်မတီဝင်များ၊ လုပ်ငန်းတန်ဖိုး စိစစ်ရေးကော်မတီဝင်များနှင့် တွေ့ဆုံရာ ကော်မတီဝင်များက ရေရရှိရေးဆိုင်ရာများ၊ အဆောက်အအုံ တည်ဆောက်ရေးဆိုင်ရာများ၊ လမ်းဖောက်လုပ်ရေးဆိုင်ရာများကို ရှင်းလင်းတင်ပြကြသည်။ ဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးပြီး လုပ်ငန်းများ အရည်အသွေးပြည့်မီစွာဖြင့် သတ်မှတ်ချိန်အတွင်း ပြီးစီးရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

ဖြည့်ဆည်းပေး

ညနေပိုင်းတွင် ဝန်ကြီးသည် မိတ္ထီလာမြို့ အော်တိုအိတ်ချိန်းနှင့် ပျော်ဘွယ်မြို့ အော်တိုအိတ်ချိန်းသို့ ရောက်ရှိပြီး တာဝန်ခံအင်ဂျင်နီယာများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စလေမြို့ သာသနာ့ရောင်ခြည်ကျောင်းဆရာတော် သာသနာပြုခရီး ကြွရောက်တော်မူ

ရန်ကုန် မေ ၁၅

မကွေးတိုင်း ချောက်မြို့နယ် စလေမြို့ သာသနာ့ရောင်ခြည်ကျောင်း မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာအဖွဲ့ခွဲ(၁၁၀)၏ ပဓာန နာယက ပြည်တွင်းပြည်ပ ပရဟိတသာသနာပြု ဒီဃဘာဏက သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလသည် စင်ကာပူနိုင်ငံရှိ ဒါယကာ၊ ဒါယိကာမများ၏ ပင့်လျှောက်ချက်အရ မိုးကုတ်ဝိပဿနာ ခန္ဓာဉာဏ်ရောက် သစ္စာတရားများကို ဟောဖော်ညွှန်ကြားပြသနိုင်ရန် စင်ကာပူနိုင်ငံသို့ မေ ၁၁ ရက်က ကြွရောက်တော်မူခဲ့ကြောင်း သိရသည်။ **(က–ပ)**

စမ်းချောင်း လင်းလွန်းပင်သာသနာ့ဗိမာန် တည်ဆောက်ရေး အလှူတော်ငွေပေးအပ်

ရန်ကုန် မေ ၁၅

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် လင်းလွန်း ရပ်ကွက်လုံးဆိုင်ရာ လင်းလွန်းပင် ပရိယတ္တိစာသင်တိုက်ကြီးအတွင်း တည်ဆောက်လျက်ရှိသော သာသနာ့ဗိမာန် ကျောင်းတော်ကြီး ပြီးမြောက်စေရန် ရည်ရွယ်လျက် ဒုတိယအကြိမ်မြောက် အလှူတော်ငွေပေးအပ်ပွဲနှင့် ဂုဏ်ပြုလွှာများချီးမြှင့်ခြင်းအခမ်းအနားကို မေ ၂၀ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ယင်းဗိမာန်တော်ကြီး အောက်ထပ်၌ ကျင်းပမည်ဖြစ်သည်။ ကျပ် ၁၀၀၀၀ နှင့်အထက် အလှူရှင်များ အားလုံးတို့အား ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ယင်းနေ့နံနက် ၈ နာရီ အရောက် ကြွရောက်ကြပါရန် စတုပစ္စယာ နုဂ္ဂဟအဖွဲ့က ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ပုဏ္ဏားကျွန်းမြို့နယ် ကွမ်းတောင်ကျေးရွာတွင် အသက် ၁၀ နှစ်ပြည့်နှင့် အသက် ၁၈ နှစ်ပြည့်ပြီးသူ ၁၉၀ တို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဧပြီ ၂၉ ရက်က နေ့ချင်းပြီးထုတ်ပေးရာ ရခိုင်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးဌာနမှူး ဦးကြဲရွှေ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်တစ်ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်စဉ်။ (သတင်းစဉ်)

လားရှိုးမြို့နယ် ကောင်းဆာကျေးရွာ မူလတန်းကျောင်းအတွက်ငွေလှူဒါန်း

ရန်ကုန် မေ ၁၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် ကောင်းဆာ(ဂျန်မိုင်)ကျေးရွာ အခြေခံပညာမူလတန်းကျောင်းသည် မကြာမီဖွင့်လှစ်တော့မည်ဖြစ်ရာ စာသင်ဆောင်များ အမိုးအကာမလုံခြုံမှုများ ပြုပြင်ရန်အတွက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွားသတင်းစာတိုက် စာတည်း ဦးဇော်လွင်နှင့် ဇနီးဒေါ်နီလာဝင်းတို့က ဝန်ထမ်းများနှင့်အတူ တန်ဖိုးငွေကျပ် သုံးသောင်းကျော်ကို မေ ၁၅ ရက် နံနက်ပိုင်းက ပေးအပ်လှူဒါန်းခဲ့သည်။

အဆိုပါ လှူဒါန်းငွေပေးအပ်ရာသို့ ကောင်းဆာ(ဂျန်မိုင်)ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘောမ်ခေါက လက်ခံပြီး ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်သက်စုထွေး၊ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။ **(က–ပ)**

မော်ဘီမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ လုပ်ငန်းဆိုင်ရာ ညှိနှိုင်းစည်းဝေး

ရန်ကုန် မေ ၁၅

မော်ဘီမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ လုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို မေ ၁၄ ရက် မွန်းလွဲ ၃ နာရီက မော်ဘီမြို့နယ် ရှမ်းကုန်းကျေးရွာ ဝန်ဇင်းစာကြည့်တိုက်၌ကျင်းပရာ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးသန်းထိုက်ရွှေ (ရွှေမော်သန်းထိုက်)က ရှေ့လုပ်ငန်းစဉ်များကို ပြောကြားပြီး အတွင်းရေးမှူး ဦးမောင်တူး (မောင်တမာ–အညာမြေ)နှင့် ဘဏ္ဍာရေးမှူး ဦးဘိုသန်း(ဘုန်းရဲနိုင်–ဂန့်ဂေါ)တို့က ဘဏ္ဍာရေးရှင်းတမ်းနှင့် ဆောင်ရွက်ပြီးစီးမှုများကို ဆွေးနွေးညှိနှိုင်းကြသည်။

ဆက်လက်၍ မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌသည် ညနေ ၄ နာရီတွင် ဆတ်သွားတောကျေးရွာ အုပ်စု ရှမ်းကုန်းကျေးရွာ ပရိယတ္တိစာသင်တိုက်တွင် ကျင်းပသော စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စာနယ်ဇင်း)**

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ ဒလမြို့နယ် အုံ့ကြီး (အနောက်)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသော စာစောင်စုစုပေါင်း ၃၆၀ ခန့်ကို ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင် ဦးစိုးဝင်းနှင့် ရပ်မိရပ်ဖ ဦးလှမြင့်တို့က မြို့နယ် ပြန်/ဆက် ဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်ဦးထံ မေ ၉ ရက်က ပေးအပ်လှူဒါန်းစဉ်။

(မြို့နယ် ပြန်/ဆက်)

ယဉ်ကျေးလိမ္မာ အင်္ဂလိပ်–မြန်မာ အထူးသင်တန်း ထူးချွန်သူများအား ဂုဏ်ပြုလက်မှတ်ပေးအပ်

ရန်ကုန် မေ ၁၅

ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ မဟာသန္တိသုခဗုဒ္ဓသာသနာပြုကျောင်းတော်ကြီးက ကြီးမှူးဖွင့်လှစ်သည့် တတိယအကြိမ်မြောက် ယဉ်ကျေးလိမ္မာ အင်္ဂလိပ်–မြန်မာ အထူးသင်တန်းတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော သင်တန်းသားများအား ဂုဏ်ပြုလက်မှတ်ပေးအပ်ပွဲကို ယနေ့ နံနက် ၈ နာရီက အဆိုပါ မဟာသန္တိသုခဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး၌ ကျင်းပသည်။

ဩဝါဒကထာ

ရှေးဦးစွာ တာမွေမြို့နယ် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ထံမှ ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဩဝါဒကထာ နာယူကြသည်။

ချီးမြှင့်

ယင်းနောက် မဟာသန္တိသုခဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး ဂေါပက အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရ ဗိုလ်မှူးကြီး စောမြင့်(ငြိမ်း)နှင့် ဂေါပကအဖွဲ့ဝင်များက သင်တန်းဆင်း အောင်လက်မှတ်များကို ပေးအပ်ချီးမြှင့်သည်။

တက်ရောက်

ထို့နောက် သင်တန်းသားများကိုယ်စား သင်တန်းသူ မငြိမ်းချမ်းဖြိုးနွယ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

အဆိုပါသင်တန်းကို ဧပြီ ၂ ရက်မှ စတင်ဖွင့်လှစ်ခဲ့ပြီး သင်တန်းသားသင်တန်းသူ ၃၇ ဦး တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

နှလုံးနှင့် သွေးကြောရောဂါများ ကာကွယ်နည်း

ပါမောက္ခ ဒေါက်တာဒေါ်ခင်မေစန်း

နှလုံးနှင့် သွေးကြောရောဂါများကို ကာကွယ်ရန် လိုအပ်သည်ဟု ကမ္ဘာ့ဆေးပညာရှင် အဖွဲ့ကြီးများက ဆုံးဖြတ်ကြပြီး နည်းဗျူဟာများကို ညှိနှိုင်းရေးဆွဲထားကြသည်။ ဤရောဂါများ ကာကွယ်ရန် လိုအပ်သည်ကို ခိုင်မာသော အကြောင်းအချက်များ ပြကြသည်။

* နှလုံးနှင့် သွေးကြောရောဂါတို့သည် ကမ္ဘာတစ်ဝန်းတွင် အချိန်မတိုင်မီ ရောဂါရပြီး အသေစောစေသည့် အဓိကအကြောင်းအရာ ဖြစ်သည်။ ဤရောဂါများ၏ အခြေခံဖြစ်သော သွေးကြောနံရံတွင် အဆီပြင်စုခြင်းသည် ငယ်ရွယ်စဉ်ကစပြီး တဖြည်းဖြည်း ကြီးထွားလာကာ နှစ်ပေါင်းအတော်ကြာမှ ရောဂါလက္ခဏာများ ပေါ်လာစေသည်။ သို့ရာတွင် ဤရောဂါ လက္ခဏာများ (နှလုံး သွေးကြောပိတ်ခြင်း၊ လေဖြတ်ခြင်း)က လူနာကို ဆေးကုသခွင့်မရမီ ရုတ်ခြည်း သေစေနိုင်သည်။ ထို့ကြောင့် ထိရောက်စွာ ကာကွယ်သင့်သော ရောဂါများဖြစ်သည်။
* ကာကွယ်ရေးနည်းဗျူဟာများ လူထုကို ဦးတည်၍ ဆောင်ရွက်ပါက ထိရောက်သော ကာကွယ်မှုကို ရနိုင်သည်။ ဤရောဂါများကြောင့် နာမကျန်းဖြစ်ခြင်းနှင့် အသက်ဆုံးခြင်းတို့ကို သိသာစွာလျော့နည်းစေသည်။

ရေးဆွဲထားသော ရောဂါကာကွယ်နည်းဗျူဟာများသည်–

* ကုသရေးထက် ကာကွယ်ရေးကို ဦးစားပေးကြသည်။
* ရောဂါဖြစ်နိုင်ဖွယ် အန္တရာယ်များကို တိကျစွာတွက်နိုင်ရန် ဇယားများ တီထွင်ပေးထားသည်။ ဤသို့တွက်ချက်ရာတွင် ၁၀နှစ်အတွင်း ရောဂါ ဖြစ်နိုင်ဖွယ် အန္တရာယ် ၅ ရာခိုင်နှုန်းနှင့် အထက်ရှိလျှင် အန္တရာယ်များသည်ဟု ယူဆသည်။
* ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နှလုံးသွေးကြောရောဂါရှိပြီးသူများနှင့် အထက်ပါတွက်ချက်မှုဖြင့် အန္တရာယ်များသည်ဟု ယူဆသူများကို ဦးစားပေးသည်။

ဤသို့ဦးစားပေးရမည့် လူနာများမှာ–

* နှလုံး၏သွေးကြောများ၊ ခြေလက်သွေးကြောများ၊ ဦးနှောက်သွေးကြောများတွင် လက်ရှိရောဂါဖြစ်နေသောသူများ၊
* ရောဂါလက္ခဏာများ မရှိသေးသော်လည်း ရောဂါဖြစ်စေသည့် အခြေအနေများလှသဖြင့် လာမည့် ၁၀နှစ် သို့မဟုတ် ဤသူ အသက် ၆၀ ပြည့်လျှင် နှလုံးသွေးကြောရောဂါအန္တရာယ် ၅ ရာခိုင်နှုန်းနှင့် အထက်ရှိသူများ၊ ရောဂါဖြစ်စေသည့် အခြေအနေ တစ်ခုတည်းရှိနေသော်လည်း အလွန်ထင်ရှားနေပါလျှင် ဥပမာ– Total Cholesterol သွေးတွင်း စုပေါင်းအဆီဓာတ် 8 mmol/ 1 (320 mg/dl) အထက်ရှိနေသူများ၊ LDL-C 6 mmol/l (240 mg/dl)၊ သွေးပေါင်ချိန် ၁၈၀/၁၁၀ နှင့် အထက်ရှိသူများ၊ သွေးချို ဆီးချိုရောဂါ ဖြစ်နေသူများ၊
* ငယ်ရွယ်စဉ် နှလုံးသွေးကြောရောဂါ ဖြစ်နေသော လူနာများ၏ ဆွေမျိုးနီးစပ်တော်သူများ၊

ရောဂါအန္တရာယ်ကို တွက်ချက်သော ဇယားများတွင် ဖော်ပြထားသည်ထက် အန္တရာယ်ပို၍ များသောသူများလည်း ရှိတတ်သည်။ ဤသူများမှာ–

* ရောဂါလက္ခဏာ မပေါ်သေးသော်လည်း သွေးကြောများတွင် အဆီပြင်ဖုံးနေကြောင်း အထောက်အထားများ ရှိနေသူများ၊
* မိသားစုထဲတွင် ငယ်ရွယ်စဉ်က နှလုံးသွေးကြောရောဂါ ဖြစ်နေသူများရှိနေခြင်း၊ သွေးတွင်းအဆီဓာတ်ပမာဏတို့တွင် ရောဂါကာကွယ်ပေးသည့် ကောင်းသောအဆီဓာတ် HDL-C နည်းပြီး မကောင်းသော Triglycerides များနေခြင်း၊ သွေးစတင် ချိုနေခြင်း၊ အခြားသွေးတွင်းနှလုံးသွေးကြောရောဂါ အားပေးသည်ဟု နောက်ဆုံးသိထားသောဓာတ်များ (ဥပမာ–CRP, Fibrinogen, homocysteine, apolipoprotein B or Lp (a) တို့များနေခြင်း)
* အဝလွန်ပြီး မလှုပ်မရှားနေသူများတို့ ဖြစ်ကြသည်။

နှလုံးနှင့်သွေးကြောများ၌ ရောဂါစနေသည်ကို အောက်ပါခေတ်ပေါ်နည်းများဖြင့် ဖော်ထုတ်နိုင်ပါသည်–

* သံလိုက်လှိုင်းဖြင့် ဓာတ်မှန်ရိုက်ခြင်း(MRI)
* အထူးကွန်ပျူတာရိုက်ခြင်း(EB-CT/MS-CT)
* တီဗွီဓာတ်မှန်ဖြင့်လည်း လည်ပင်းရှိ သွေးလွှတ်ကြော၏ အထုကို တိုင်းတာခြင်း
* နှလုံးကြွက်သားထူနေကြောင်းကို ECG နှင့် တီဗွီဓာတ်မှန်တို့ဖြင့် ဖော်ထုတ်ခြင်းတို့ ဖြစ်ကြသည်။

နှလုံးသွေးကြော ရောဂါရှိပြီးသူများနှင့် အန္တရာယ်များသည်ဟု ယူဆသူများအတွက် ရောဂါကာကွယ်ရန် ရည်မှန်းချက်များမှာ–

* **ဆေးလိပ်သောက်ခြင်းမှ ရှောင်ကြဉ်ရန်၊**
* **ကျန်းမာရေးနှင့်ညီညွတ်သည့် အာဟာရကို မှီဝဲရန်၊**
* **အမြဲကိုယ်လက် လှုပ်ရှားမှုပြုရန်၊**
* **ကိုယ်ခန္ဓာထုထည်ပမာဏကို ၂၅ ကီလိုဂရမ်/စတုရန်းမီတာထက် နည်းရန်၊**
* **အများသွေးပေါင်ချိန် ၁၄၀/၉၀ အောက်ရှိရန်နှင့် ဆီးချို သွေးချို ရောဂါရှိသူများအတွက် ၁၃၀/၈၀ အောက်ရှိရန်၊**
* **အများစုပေါင်းသွေးတွင်းအဆီဓာတ် 5mmol/l(190mg/dl) အောက်ရှိရန်နှင့် နှလုံးသွေးကြောရောဂါ ရှိပြီးသူများနှင့် ဆီးချိုသွေးချို ရောဂါရှိသူများအတွက် 4.5 mmol/l(175mg/dl) အောက်ရှိရန်**
* **LDL-C ကို လူအများတွင် 3mmol/l(115mg/dl) အောက်နှင့် နှလုံးသွေးကြောရောဂါရှိပြီးသူများနှင့် ဆီးချို သွေးချို ရောဂါရှိသူများအတွက် 2.5 mmol/l(100 mg/dl) အောက်ရှိရန်၊**
* **ဆီးချိုသွေးချိုရှိသူများ၏ သွေးအချိုဓာတ်ကို အမြဲပုံမှန်ဖြစ်စေရန် ထိန်းသိမ်းရန်၊**
* **နှလုံးသွေးကြောရောဂါ ရှိပြီးသူများနှင့် ဆီးချိုသွေးချိုရောဂါ ရှိသူများအတွက် လိုအပ်ပါက ဆေးများညွှန်ကြားရန်၊**

ရည်မှန်းချက်	အများပြည်သူအတွက်	နှလုံးသွေးကြောရောဂါရှိပြီး သူများနှင့် ဆီးချိုသွေးချို ရောဂါရှိသူများအတွက်
သွေးပေါင်ချိန်	140/90 mmHg	130/80 mmHg
စုပေါင်းသွေး အဆီဓာတ်	5 mmol/L (190 mg/dl)	4.5 mmol/L (175 mg/dl)
LDL-C	3 mmol/L (115 mg/dl)	2.5 mmol/L (100 mg/dl)
HDL-C	1 mmol/L in male (40 mg/dl) 1.2 mmol/Lin female (50 mg/dl)	
Triglycerides	1.7 mmol/L (150 mg/dl)	
ကိုယ်ခန္ဓာထုထည် ပမာဏ ကိုယ်အလေးချိန်များခြင်း (25-30 Kg/m^2) အဝလွန်ခြင်း (30 kg/m^2 နှင့် အထက်)	ပုံမှန် ပမာဏ	

ကျန်းမာရေးနှင့်ညီညွတ်စွာ စားသောက်ရန်

* ပုံမှန်ကိုယ်အလေးချိန်ကို ထိန်းသိမ်းနိုင်မည့် အာဟာရပမာဏကို စားသုံးပါ၊
* ဟင်းသီးဟင်းရွက် အသီးအနှံ၊ ငါးနှင့် အဆီမပါသော အသားများကို မှီဝဲပါ၊
* အဆီစားသုံးမှုသည် ကိုယ်ခန္ဓာက လိုအပ်သည့် စွမ်းအင်၏ ၃၀ ရာခိုင်နှုန်း မကျော်စေရ၊ ပြည့်ဝဆီသည် စားသုံးသောအဆီ ပမာဏ၏ ၃၀ ရာခိုင်နှုန်း မကျော်စေရ၊ တစ်နေ့တာ စားသုံးသည့် အဆီပမာဏသည် ၃၀၀ မီလီဂရမ် မကျော်စေရ၊
* ပြည့်ဝဆီကို အချိုဓာတ်နည်းသော ကစီဓာတ် Carbohydrate၊ အသီးအနှံများနှင့် ရေသတ္တဝါများမှ ရရှိသော မပြည့်ဝဆီများနှင့် အစားထိုးပါ။

ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းများကို

* **တစ်နေ့လျှင် နာရီဝက်မှ တစ်နာရီခန့် နေ့စဉ်နီးပါးဆောင်ရွက်ပါ။ ဥပမာ–ခပ်သွက်သွက် လမ်းလျှောက်ခြင်း(တစ်နာရီလျှင် သုံးမိုင်ခွဲနှုန်း)**
* **မိမိ တစ်နေ့တာလုပ်ငန်းစဉ်တွင် အံဝင်ခွင်ကျဖြစ်နိုင်သည့် ကိုယ်လက်လှုပ်ရှားမှုများကို တစ်ပတ်လျှင် အနည်းဆုံး ၄–၅ ကြိမ်မျှ။ တစ်ကြိမ်လျှင် ၃၀–၄၅ မိနစ်မျှ ဆောင်ရွက်ပါ။ မိမိ၏ အသက်အရွယ်အလိုက် အမြန်ဆုံး နှလုံးခုန်နှုန်းကို ချင့်ချိန်ရမည်။ Metabolic $ ဇီဝကမ္မချို့ယွင်းမှု လက္ခဏာစုရှိသူများအတွက် ကျန်းမာရေးနှင့် ညီညွတ်သော လူနေမှုစရိုက်များကို ကျင့်သုံးရန် ကြပ်မတ်ပေးဖို့ လိုအပ်ပါသည်။**

လိုအပ်ပါကလည်း ဆေးဝါးများကို နှလုံးသွေးကြောရောဂါ ကာကွယ်ရာတွင် အသုံးပြုနိုင်သည်။ ဥပမာ– အက်စ်ပရင်နှင့် အလားတူ သွေးကြဲဆေးများ၊ Beta blokcker၊ ACEInhibitor၊ သွေးမခဲစေသောဆေးများ။

အသက်ငယ်ရွယ်စဉ် (အမျိုးသားတွင် ၅၅နှစ်နှင့်အောက်၊ အမျိုးသမီးများတွင် အသက် ၆၅ နှစ်အောက်)နှလုံးသွေးကြောရောဂါဖြစ်သူများနှင့် မိသားစုလိုက် ဗီဇချို့ယွင်းမှုကြောင့်သွေးတွင်း အဆီဓာတ်များသူတို့၏ ဆွေမျိုးများကို ကျန်းမာရေးစစ်ဆေးပေးရန် လိုအပ်ပါသည်။

နှလုံးနှင့်သွေးကြောရောဂါများကို ရောဂါဖြစ်လျက်ရှိသောသူများနှင့် ဖြစ်နိုင်ခြေ အလားအလာရှိသူများကို ဖော်ထုတ်ကာ စနစ်တကျကြပ်မတ်၍ ကာကွယ်မှုများဆောင်ရွက်ပေးလျှင် ဤရောဂါများဖြစ်နှုန်းကျလာမည်ဖြစ်သည်။ ပြည်သူတစ်ရပ်လုံးကိုဦးတည်၍ ကျန်းမာရေးနှင့် ညီညွတ်စွာနေထိုင်စားသောက်သည့် ဓလေ့များလေ့ကျင့်ပေးနိုင်လျှင် နိုင်ငံတစ်ဝန်းကြီးမားသော ကျန်းမာရေးအကျိုးဆက်ကို ခံစားရမည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

ဆီးချိုသွေးချိုရောဂါရှိသူများအတွက် ရည်မှန်းချက်များ

Hb AIc သွေးနီဥများအတွင်း အချိုဓာတ်	Hb AIc%	ရည်မှန်းချက် 6.1% နှင့်အောက်
သွေးပြန်ကြောသွေးအချိုဓာတ်	အစာမစားမီ	6.0mmol/l(110mg%) နှင့်အောက်
လက်ထိပ်သွေးအချိုဓာတ်	အစာမစားမီ	4.0-5.0mmol/l (70-90mg%)
	အစာစားပြီး	4.0-7.5mmol/l (70-135mg%)
သွေးပေါင်ချိန်	mmHg	130/80 နှင့်အောက်
သွေးတွင်းစုပေါင်းအဆီဓာတ်	mmol/l(mg%)	4.5(175)နှင့်အောက်
LDL-C	mmol/l(mg%)	2.5(100)နှင့်အောက်

နှလုံးနှင့် သွေးကြောရောဂါတို့သည် ကမ္ဘာတစ်ဝန်းတွင် အချိန်မတိုင်မီ ရောဂါရပြီး အသေစောစေသည့် အဓိကအကြောင်းအရာဖြစ်။ ဤရောဂါများ၏ အခြေခံဖြစ်သော သွေးကြောနံရံတွင် အဆီပြင်စုခြင်းသည် ငယ်ရွယ်စဉ်ကစပြီး တဖြည်းဖြည်း ကြီးထွားလာကာ နှစ်ပေါင်းအတော်ကြာမှ ရောဂါလက္ခဏာများ ပေါ်လာ။ သို့ရာတွင် ဤရောဂါ လက္ခဏာများ (နှလုံးသွေးကြောပိတ်ခြင်း၊ လေဖြတ်ခြင်း)က လူနာကို ဆေးကုသခွင့်မရမီ ရုတ်ခြည်း သေစေနိုင်။ ထို့ကြောင့် ထိရောက်စွာ ကာကွယ်သင့်သော ရောဂါများဖြစ်။

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့် ဝန်ထမ်းမိသားစုဒုလ္လဘရဟန်းခံ၊ ရှင်ပြု အလှူပွဲတက်ရောက်အားပေး

ရန်ကုန် မေ ၁၅

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်နှင့်ဇနီး ဒေါ်ဝင်းဝင်းနုတို့သည် မေ၁၃ရက်က ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဝန်ထမ်းမိသားစု၏ စုပေါင်းဒုလ္လဘရဟန်းခံ၊ ရှင်ပြုအလှူတော်မင်္ဂလာ အခမ်းအနားသို့ တက်ရောက်ချီးမြှင့် အားပေးပူဇော်သည်။

ဒုလ္လဘရဟန်းခံ ရှင်ပြုအလှူတော် မင်္ဂလာပွဲတွင် ရန်ကုန်တိုင်း အလုံမြို့နယ် အောင်မင်္ဂလာတိုက်သစ်ကျောင်း ဦးစီးပဓာန မဟာနာယက စာချဆရာတော်အမှူးပြု ပင့်သံဃာတော်၁၀ပါး၊ ဒုလ္လဘရဟန်းအပါး၄၀နှင့် ရှင်သာမဏေခြောက်ပါးတို့အား ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်၊ ဇနီး ဒေါ်ဝင်းဝင်းနုတို့နှင့် ဝန်ထမ်းမိသားစုတို့က လှူဖွယ်ပစ္စည်း၊ ဝတ္ထုအစုစုတို့ဖြင့် သိမ်ဆင်းလောင်းလှူ ပူဇော်ကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ရုံးချုပ်ခန်းမတွင် ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ဝင် အလုံမြို့နယ် အောင်မင်္ဂလာတိုက်သစ်ကျောင်း ဦးစီးပဓာန မဟာနာယက စာချဆရာတော်အမှူးပြု၍ ပင့်သံဃာ ၁၀ပါးတို့အား ဝန်ကြီးနှင့်ဇနီး၊ ဝန်ထမ်းမိသားစုတို့က နေ့ဆွမ်း၊ အချိုပွဲများဖြင့် ဆက်ကပ်လှူဒါန်း ပူဇော်ခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ဒုလ္လဘရဟန်းခံ ရှင်ပြုအလှူတော်မင်္ဂလာပွဲကို ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ရုံးချုပ်အလှူတော်မင်္ဂလာမဏ္ဍပ်တွင် ဆက်လက်ကျင်းပသည်။

ငါးပါးသီလခံယူ

ထို့နောက် ရန်ကုန်တိုင်း သံဃမဟာနာယကအဖွဲ့ အလုံမြို့နယ် အောင်မင်္ဂလာတိုက်သစ်ကျောင်း ဦးစီးပဓာန မဟာနာယကစာချဆရာတော် ဘဒ္ဒန္တကုန္ဒလ အမှူးပြုသော ပင့်သံဃာတော် အရှင်သူမြတ်၁၀ပါးတို့အား ဝန်ကြီး၊ ဇနီးနှင့် ကြွရောက်လာသူ ဝန်ထမ်းမိသားစု ဧည့်ပရိသတ်အပေါင်းတို့က ပူဇော်ကန်တော့ကြပြီး ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်ဇနီးဒေါ်ဝင်းဝင်းနု၊ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်မောင်စိုးနှင့် ဌာနအကြီးအကဲများက ဆရာတော်အရှင်သူမြတ်တို့အား လှူဒါန်းဖွယ်သင်္ကန်း၊ ဝတ္ထုပစ္စည်းအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်းပူဇော် ကန်တော့ကြသည်။

ထို့နောက်စုပေါင်းဒုလ္လဘရဟန်းခံ၊ ရှင်ပြု အလှူတော်မင်္ဂလာပွဲသို့ ကြွရောက်လာသောဝန်ကြီး၊ ဇနီးနှင့် ဧည့်ပရိသတ်အပေါင်းတို့က လှူဖွယ်သင်္ကန်း၊ ဝတ္ထုပစ္စည်း အစုစုလှူဒါန်းမှုအတွက် ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ဝင် အလုံမြို့နယ် အောင်မင်္ဂလာတိုက်သစ်ကျောင်း ဦးစီးပဓာန မဟာနာယက စာချဆရာတော် ဘဒ္ဒန္တကုန္ဒလထံမှ အနုမောဒနာ တရားတော်များအား အတူတကွ နာယူကြပြီး ရေစက်သွန်းချ ပူဇော်ကန်တော့ကြသည်။

ပက်ဖျန်းပေး

ဆက်လက်၍ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ဝန်ထမ်းမိသားစု စုပေါင်းဒုလ္လဘ ရဟန်းခံရှင်ပြု အလှူတော်မင်္ဂလာပွဲ အခမ်းအနားအား ကြွရောက်လာသူ ဝန်ကြီး၊ ဇနီးနှင့် ဝန်ထမ်းမိသားစု၊ ဧည့်ပရိသတ်အပေါင်းတို့က ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဖတ်ပူဇော်၍ အလှူတော် မင်္ဂလာ အခမ်းအနားကို ရုပ်သိမ်းပြီး ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ဇနီးဒေါ်ဝင်းဝင်းနုတို့က ရွှေမိုးငွေမိုး ရတနာမိုးများ ရွာသွန်းပက်ဖျန်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေ မြတ်မဟာရှိဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း)အနောက်ဘက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများဆောက်လုပ်ရန်အတွက် ဖခင်ကြီး ဦးသောင်းတင်(၂)နှစ်ပြည့်အား ရည်စူး၍ မိခင်ကြီး ဒေါ်စိန်ဘွားကို အမှူးထားကာ ရန်ကုန်မြို့ ရွှေပေါက်ကံမြို့သစ် မြဝတီမင်းကြီးလမ်း အမှတ် (၁၇/၄၉၁)နေ သားသမီး၊မြေးတစ်စုက အလှူငွေကျပ် နှစ်သိန်းနှစ်သောင်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့်(ဂမုန်းပွင့်ဘောလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှူးဆောင်ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

မြန်မာဟော်ကီအားကစားတိုးတက်ဖွံ့ဖြိုးရေး သင်ကြားပေးလိုက်သော အားကစားနည်းပညာများ မိမိတာဝန်ကျရာနေရာတွင် ထပ်ဆင့်သင်ကြားပေး

ရန်ကုန် မေ ၁၅

အပြည်ပြည်ဆိုင်ရာဟော်ကီအဖွဲ့ချုပ် (FIH)နှင့် မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ဟော်ကီနည်းပြ သင်တန်း (Nation Coaching Course)ဆင်းပွဲအခမ်းအနားကို ယမန်နေ့နံနက်၉နာရီက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ နိုင်ငံတကာအဆင့်မီမြက်ခင်းတု ဟော်ကီအားကစားကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌကိုယ်စား ဒုတိယဥက္ကဋ္ဌ ဦးကျော်နိုင်က အမှာစကား ပြောကြားပြီး ပါကစ္စတန်နိုင်ငံမှ အပြည်ပြည်ဆိုင်ရာ အဆင့်(၁) ဟော်ကီနည်းပြ Mr. K. M. Awais က နှုတ်ခွန်းဆက်စကားပြောကြားသည်။

သင်တန်းဆင်းလက်မှတ်ပေး

ယင်းနောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေ အတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က သင်တန်းဆင်းလက်မှတ်များကိုပေးအပ်သည်။

ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ဟော်ကီနည်းပြများအား မြန်မာဟော်ကီ အားကစားတိုးတက်ဖွံ့ဖြိုးရေးအတွက် သင်တန်းသား သင်တန်းသူများအား သင်ကြားပေးလိုက်သော ဟော်ကီ အားကစားနည်းပညာများကို မိမိတို့ တာဝန်ကျရာနေရာများတွင် ထပ်ဆင့် သင်ကြားပေးမှသာ တိုးတက်မှုရှိနိုင်မည်ဖြစ်ကြောင်း၊ အဖွဲ့ချုပ်ကလည်း နည်းပညာများ၊ အားကစားပစ္စည်းများ ပံ့ပိုးပေးခြင်း၊ အဆင့်လိုက်ပြိုင်ပွဲများ ကျင်းပခြင်းတို့ရှိမှသာ အောင်မြင်မှု ရရှိမည်ဖြစ်ကြောင်းဖြင့် ပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေပြည်ဟိန်း ကုသိုလ်ဖြစ်ဆေးခန်းအတွက် ငွေလှူဒါန်း

ရန်ကုန် မေ ၁၅

ရန်ကင်းပြည်သာယာ (ကျိုက္ကဆံစုပါဝမ်း–တာမွေလေးသံလမ်းအနီး) ရွှေပြည်ဟိန်း ကုသိုလ်ဖြစ်ဆေးခန်းအတွက် သဃ်န်းကျွန်းမြို့နယ် ကြီးပွားရေးမြောက် အောင်သုခလမ်း ဦးကျော်ဆန်း၊ ဒေါ်အေးသန်းမိသားစုက ငွေကျပ်တစ်သိန်း၊ ရန်ကင်း ကျောက်ကုန်း အောင်ဇေယျလမ်း ဦးသိန်းဇော်–ဒေါ်မြင့်မြင့်ဝင်းမိသားစု၊ လမ်းမတော် ဝါးတန်းလမ်း ဦးမြင့်စိုး–ဒေါ်ခင်ဝင်းမြင့်မိသားစု၊ မြောက်ဥက္ကလာပ သုနန္ဒာ၆လမ်း ဒေါ်စိန်တင့်အားရည်စူး၍ မိသားစု၊ ကျီတော်အိမ်ရာ တိုက် ၂ ဦးသန်းအားရည်စူး၍ ဒေါ်မြင့်မြင့်မိသားစု၊ မရမ်းကုန်း သမိုင်းဘူတာရုံလမ်း မိခင်ကြီးဒေါ်လှစိန်(မွေးနေ့အတွက်) သမီးဒေါ်မူမူမြင့် မိသားစု၊ ရွှေပေါက်ကံမြို့သစ် ပိတောက်လမ်း ဦးအောင်ကိုဝင်းကြည်–ဒေါက်တာခင်နွယ်ကြည်မိသားစု၊ ကိုစိုးပိုင်–မယဉ်နွယ်ချော(ခေတ္တUSA)အတွက်ဗိုလ်အောင်ကျော်လမ်း တိုက် ၉၈ မိသားစုတို့က ငွေကျပ်တစ်သိန်းစီ၊ သဃ်န်းကျွန်း ရတနာလမ်းမလိခအိမ်ရာဦးဆန်းမောင်–ဒေါ်ဝါဝါဝင်း မိသားစု၊ ဗိုလ်အောင်ကျော်လမ်း ဦးစစ်ဝင်း(မင်းပြင်)သားသမီးတစ်စု၊ မရမ်းကုန်း ၉မိုင် ရွှေနှင်းဆီလမ်း ဦးမောင်မောင်သိန်း၊ သမီးဒေါက်တာတင်နွယ်ဦး မိသားစုတို့က ငွေကျပ်ငါးသောင်းစီ၊ တောင်ဥက္ကလာပ (၅)ရပ်ကွက် စစ်ကိုင်း၂၅လမ်းဒေါက်တာစိန်ဝင်းမိသားစု၊ အလုံသစ်လုံးရောင်း (၂)ဝင်း မောင်အောင်မင်း–မဖြိုးဖြိုးဝေ၊ သားစိုးထက်အောင်မိသားစု၊ ဒဂုံဗိုလ်ရာ ညွှန့်လမ်း ကိုမင်းသိန်းမိသားစု၊ ပုဇွန်တောင် ၇၉လမ်း ကိုအောင်နိုင်ထွန်း၊ သမီးဖူးမြတ်သွယ်(မွေးနေ့)၊ လသာ စဥ့်အိုးတန်း ဒေါ်မေစွမ်းမိသားစုတို့က ငွေကျပ်သုံးသောင်းစီလှူဒါန်းကြသည်။

ကုသိုလ်ဖြစ် ဆေးခန်းသုံးထပ်တိုးမြှင့်ဆောက်နှင့်ဆေး၊ ဆေးပစ္စည်းတို့အတွက်ဖုန်း–၅၄၁၄၉၃၊၀၉–၅၁၀၂၀၉၇ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၁၁၅)**

မြန်မာ့အလင်း ပြည်တွင်းသတင်း အတိုအထွာ

မင်းတပ်စည်ပင် မြို့သာယာလှပရေးဆောင်ရွက်

ချင်းပြည်နယ် မင်းတပ်မြို့ သာယာလှပရေး၊ သန့်ရှင်းသပ်ရပ်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ဆွေ၏ အနီးကပ်ကြီးကြပ်မှုဖြင့် အဖွဲ့တာဝန်ခံအင်ဂျင်နီယာ ဦးဆွေးအုပ်နှင့် ဝန်ထမ်းများ ဧပြီ ၂၄ ရက်က မင်းတပ်–မတူပီကားလမ်း မင်းတပ်မြို့အထွက် လမ်းဘေးဝဲယာတစ်လျှောက်၌ ပန်းအလှပင်မျိုးစုံစိုက်ပျိုးခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ကြသည်။

(မြို့နယ်စည်ပင်)

မိုင်းဖြတ်မြို့မဈေး ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်

မိုင်းဖြတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် မေ ၅ရက်က မြို့မဈေးအတွင်း သန့်ရှင်းရေးနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် ဈေးတွင်းရေမြောင်းများကို ရှင်းလင်းရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိဦးကိုကို ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မိုးရာသီ သစ်ပင်စိုက်ပွဲတော် ကျင်းပမည်

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် ရှမ်းပြည်နယ်သစ်တောဦးစီးဌာနသည် ၂၀၀၇ ခုနှစ် မိုးရာသီအတွင်း တောင်ကြီးခရိုင်အတွင်း၌ ထင်းရှူးပင် ပေါင်း ၁၉၉၀၀၀၊ အလှစိုက်ပန်းနှင့် ကြီးမြန်သစ်ပင်မျိုးစုံ ၅၆၇၅၀၀ကို တောင်ကြီးခရိုင်၊ လွိုင်လင်ခရိုင်နှင့် လင်းခေးခရိုင် အတွင်းရှိ သတ်မှတ်နေရာအသီးသီး၌ မေလနောက်ဆုံးပတ်မှစ၍ သစ်ပင်စိုက်ပွဲတော် ကျင်းပစိုက်ပျိုးမည် ဖြစ်ကြောင်း သိရသည်။

(က–ပ)

ရေနံချောင်းတွင် ကြက်ငှက်တုပ်ကွေးရောဂါ ပညာပေးဟောပြော

ကြက်ငှက်တုပ်ကွေးရောဂါပညာပေးဟောပြောပွဲကို **ဧပြီ ၂၁ရက် နံနက် ၁၀ နာရီက ရေနံချောင်းမြို့နယ်** အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးကျော်စိုးလွင်က အမှာစကား ပြောကြားပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးမောင်မောင်ခင်က ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအတွက် သား၊ ငါး ကိုင်တွယ်ချက်ပြုတ်ခြင်းနှင့်လက်အိတ်နှင့် ဆပ်ပြာများ အသုံးပြုနည်းများကို ပညာပေးဟောပြောသည်။ ထို့နောက် အများပြည်သူသို့ ပညာပေးသည့် ကြက်ငှက်တုပ်ကွေးရောဂါပညာပေး ရုပ်ပုံကားချပ် ရောင်စုံပိုစတာများကို ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာမှ တာဝန်ရှိသူများအား ဝေငှပေးခဲ့ကြောင်းသိရသည်။

(မြို့နယ်ပြန်/ဆက်)

ဝိုင်းမော်တွင် အလင်းရောင်စာကြည့်တိုက်ဖွင့်

ဝိုင်းမော်မြို့ အမှတ်(၁) ရပ်ကွက် အလင်းရောင် စာကြည့်တိုက်ဖွင့်ပွဲကို ဧပြီ ၁၂ရက်နံနက်၉နာရီက ဦးဇခုံ ရယ်ဂျယ်နေအိမ်ဝင်း၌ကျင်းပရာ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူး ဦးမင်းကြည်၊ မြို့မိ မြို့ဖ ဦးအောင်မြတ်ကျော်တို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးဘောမ်ယိန်းနှင့် စာကြည့်တိုက်တာဝန်ခံ ဦးထွန်းလင်းတို့က စာကြည့်တိုက်ဖွင့်လှစ်ရခြင်းနှင့် ရေရှည်တည်တံ့ရေးကိစ္စရပ်များကို ဆွေးနွေးကာ တက်ရောက်လာသူများက ခင်းကျင်းပြသထားသော စာအုပ်စာစောင်များကိုဖတ်ရှုလေ့လာကြကြောင်း သိရသည်။ (မြို့နယ်ပြန်/ဆက်)

မဟာသန္တိသုခအဘိဓမ္မာသင်တန်းများဖွင့်

၂၀၀၇ခုနှစ် ပညာသင်နှစ်အတွက် မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး၏ ကျောင်းထိုင်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဇနိတ (ဓမ္မာစရိယ၊ မဟာဝိဇ္ဇာ၊ မာဂဓတက္ကသိုလ်)၏ ဩဝါဒကိုခံယူကာ သဒ္ဓမ္မဇောတိကဓဇ ဆုထူးပန်ဆရာဟန် ကိုယ်တိုင် ပြောသလောက်မခက်၊ ခက်သလောက် လွယ်အောင် ခေတ်မီသော သင်္ကေတနည်းဖြင့် ဦးစီးသင်ကြားပို့ချမည့် ဆဋ္ဌမ အကြိမ်မြောက် မဟာသန္တိသုခအဘိဓမ္မာသင်တန်းများကို မေ၂၂ရက် စနေနေ့ ညနေ ၄နာရီက ကျောင်းတော်ကြီး၏ အဓိပတိခန်းမဆောင်၌ သင်တန်းဖွင့် ပို့ချကြောင်း သိရသည်။ (က–ပ)

ခင်ဦးမြို့၌ ကြက်ငှက်တုပ်ကွေး ပညာပေးဟောပြော

ခင်ဦးမြို့နယ်ကြက်ငှက်တုပ်ကွေးရောဂါ ပညာပေးဟောပြောပွဲကို **ဧပြီ ၂၀ရက် မွန်းလွဲ၁နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌** ကျင်းပရာ မြို့နယ်အတွင်းရေးမှူး ဦးတင်မြင့်က **အဖွင့်အမှာစကား** ပြောကြားပြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာဒေါ်လှလှဖြူက ကြက်ငှက်တုပ်ကွေးရောဂါနှင့် စပ်လျဉ်း၍ ပညာပေးဟောပြောရာ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာ အုပ်စု ဥက္ကဋ္ဌများ တက်ရောက်ကြပြီး ကြက်ငှက်တုပ်ကွေးရောဂါပညာပေး လက်ကမ်းစာစောင်များ၊ ပိုစတာများ၊ ဆပ်ပြာများ ဖြန့်ဖြူး၍ ကြိုတင်ကာကွယ်ရေး၊ ဇီဝလုံခြုံရေးဆိုင်ရာ အသိပညာပေး ဟောပြောကြောင်း သိရသည်။ (က–ပ)

တောင်ငူ ပညာရေးကောလိပ် မြတ်ဆရာ ပူဇော်မည်

တောင်ငူ ပညာရေးကောလိပ်၏ ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဇွန် ၁၆ရက်(စနေနေ့) နံနက်၉နာရီတွင် တောင်ငူပညာရေးကောလိပ် ဓမ္မာရုံကြီး၌ ကျင်းပမည်ဖြစ်သည်။ တောင်ငူဆရာအတတ်သင်ကျောင်း၊ ဆရာအတတ်သင်သိပ္ပံနှင့် ပညာရေးကောလိပ်တို့၌ တာဝန်ထမ်းဆောင်ခဲ့ကြပြီး အငြိမ်းစားယူသွားကြသော ဆရာ ဆရာမကြီးများနှင့် တပည့်ကျောင်းသား ကျောင်းသူများအားလုံး တက်ရောက်ကြပါရန်နှင့် မြတ်ဆရာပူဇော်ပွဲအတွက် အလှူငွေများ ထည့်ဝင်လှူဒါန်းလိုကြသူများသည် ဆရာမဒေါ်နုနုရီ(တောင်ငူ ပညာရေးကောလိပ်) ဖုန်း–၀၅၄–၂၃၁၂၅၊ ဆရာမဒေါ်ဝင်းကြည်၊ ဆရာမ ဒေါ်စန်းမြင့်ကြည်(တောင်ငူပညာရေးကောလိပ်) ဖုန်း–၀၅၄–၂၄၂၇၀၊ ဆရာမ ဒေါ်ခင်စန်းရီ ဖုန်း–၀၅၄–၂၃၃၉၂နှင့် ဒေါ်ခင်ရီ (ကျောင်းအုပ်ကြီး) အလက(၁၀) မန္တလေးမြို့ ဖုန်း–၀၂–၆၅၃၀၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၃၇၂)

ဝက်လက်မြို့နယ်တွင် ကျန်းမာရေးပညာပေးဟောပြော

စစ်ကိုင်းတိုင်းဝက်လက်မြို့နယ်မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့က ကြီးမှူးကျင်းပသော ကျန်းမာရေးဆိုင်ရာ ပညာပေး ဟောပြောပွဲကို မေ ၆ရက်က လှတောကျေးရွာ စိုက်ပျိုးရေး စခန်း ခန်းမတွင် ကျင်းပရာ ဆေးလိပ်နှင့် ဆေးရွက်ကြီး အန္တရာယ်၊ အိုင်အိုဒင်းဆား၊ ဝက်သက်ရောဂါ၊ ပိုးရှယ်သူများ ကျန်းမာရေး၊ အမျိုးသမီးရေးရာ ဥပဒေ သိမှတ်ဖွယ်ရာအဖြာဖြာတို့ကို တာဝန်ရှိသူများက ဆွေးနွေးဟောပြောကြပြီး လှတောကြီးငါးရွာမှ အမျိုးသမီးရေးရာ အဖွဲ့ဝင် ၁၈၂ဦး တက်ရောက်ကြောင်း သိရသည်။ (က–ပ)

အသည်းမာသူနှင့် ဇွဲပါသူတို့ ယှဉ်ပြိုင်ထိုးသတ်မည့် လက်ဝှေ့စိန်ခေါ်ပွဲ ရန်ကုန်မြို့ ကျိုက္ကဆံမိုးလုံလေလုံအားကစားရုံ၌ မေ ၁၉နှင့် ၂၀ရက်တို့၌ ကျင်းပမည့် ပွဲကြီးပွဲကောင်းများ မျှော်လင့်တောင့်တနေသည့် ပရိသတ်ကြီးအတွက် သတင်းကောင်းပါး

သတင်းဆောင်းပါး–မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် မေ ၁၅

မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲသည် သတ္တိရှိသူ၊ အသည်းမာသူနှင့် ဇွဲကောင်းသူတို့၏ပြိုင်ပွဲဖြစ်ရာ မြန်မာလူမျိုးတို့၏ မာကျောသောစိတ်ဓာတ်ကို ဖော်ပြရာ ပြယုဂ်တစ်ခုလည်း ဖြစ်သည်။

ကျင်းပမည်

ယခုအခါ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲများ ကျင်းပလာလျက်ရှိရာ အားကစား ဝန်ကြီးဌာန မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်ရန်ပုံငွေအဖြစ် မြန်မာ့ရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲ တစ်ရပ်ကို မေ ၁၉ရက်နှင့် ၂၀ရက်များတွင် ရန်ကုန်မြို့

ရွှေခါးပတ်ချန်ပီယံဝင်းထွန်း

ရွှေခါးပတ်ချန်ပီယံပီပီ လက်ဝှေ့စွမ်းရည်ပြမည့် ဝင်းထွန်း(လယ်ယာ/ဆည်မြောင်း)။

ကျိုက္ကဆံ မိုးလုံလေလုံအားကစားရုံကြီး၌ ကျင်းပတော့မည်ဖြစ်သည်။

နာမည်ကျော်လက်ဝှေ့သမားများ ပါဝင်ဆင်နွှဲကြမည့် စိန်ခေါ်ပွဲကြီးဖြစ်ရာ လက်ဝှေ့ဝါသနာအိုးများ အကြိုက်တွေ့စေမည့် ပွဲကြီးပွဲကောင်းပင်ဖြစ်သည်။ ယခုကျင်းပမည့် လက်ဝှေ့စိန်ခေါ်ပွဲတွင် သုံးချီ၊ လေးချီနှင့် ငါးချီစိန်ခေါ်ပွဲများ ပါဝင်လျက်ရှိရာ မေ၁၉ရက်၌ လက်ဝှေ့၁၀ပွဲနှင့် မေ၂၀ရက်၌ လက်ဝှေ့၁၀ပွဲ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

သုံးချီစိန်ခေါ်ပွဲ

မေ၁၉ရက်၌ ထိုးသတ်ကြမည့်ပွဲများမှာ သုံးချီစိန်ခေါ်ပွဲများဖြစ်သည့် သူရအောင်ကို(ဧရာဝတီ)နှင့် အောင်သူဟိန်း (တွံတေး)၊ခင်စိုး(တွံတေး)နှင့်ကျားကရင်(မအူပင်)၊ ကျော်စွာ (ကွမ်းခြံကုန်း)နှင့် နိုင်လင်း(ရွှေလက်ရာ)တို့ပွဲများ ဖြစ်သည်။

တစ်ဖန် လေးချီစိန်ခေါ်ပွဲများတွင် ကိုဦးလေး(မြို့/စည်) နှင့် ကြယ်စင်အောင်(ရွှေလက်ရာ)၊ ရဲမိုက်(မြို့/စည်)နှင့် အလင်းသစ်(ရွှေလက်ရာ)တို့ပွဲများ ပါဝင်သည်။

ငါးချီစိန်ခေါ်ပွဲများ

ငါးချီစိန်ခေါ်ပွဲများတွင် မိုက်တိုင်ဆန်(မြို့/စည်)နှင့် ချန်ဒူးဝမ်(ရွှေလက်ရာ)၊ မြနန်းတော် (မြန်မာပြည်သား) နှင့် အာကာဟိန်း(မြို့/စည်)၊ ရွှေခါးပတ်ချန်ပီယံ(၂၀၀၆)

သူရရဲအောင်

တာတိုးဝါး (ဘိလပ်မြေစက်ရုံ)နှင့် ယှဉ်ပြိုင်ထိုးသတ်မည့် သူရရဲအောင်(မြန်မာပြည်သား)။

ရွှေကျည်ဆံ(ဘိလပ်မြေစက်ရုံ)နှင့် ဟိန်းညီညီ(မြို့/စည်)၊ ရွှေခါးပတ်ချန်ပီယံ (၂၀၀၀) နိုင်းဝမ်းလေး (မြို့/စည်)နှင့် ကြယ်တစ်ပွင့် (မြန်မာပြည်သား)၊ ရွှေခါးပတ်ချန်ပီယံ (၂၀၀၆)သူရရဲအောင်(မြန်မာပြည်သား)နှင့် ပြည်နယ်/တိုင်း ရွှေတံဆိပ်ချန်ပီယံ တာတိုးဝါး(ဘိလပ်မြေစက်ရုံ)တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

ထိုနေ့ပွဲစဉ်၌ပရိသတ်စိတ်အဝင်စားဆုံးပွဲမှာ ရွှေခါးပတ်ချန်ပီယံ (၂၀၀၆) သူရရဲအောင် (မြန်မာပြည်သား)နှင့် ပြည်နယ်/တိုင်း ရွှေတံဆိပ်ဆုရ တာတိုးဝါး (ဘိလပ်မြေစက်ရုံ)တို့ပွဲပင်ဖြစ်သည်။ သူရရဲအောင်၏ မာကြောပြင်းထန်သော လက်သီးထိုးချက်များနှင့် တာတိုးဝါး (ဘိလပ်မြေစက်ရုံ)၏ ပွဲသိမ်းထိုးသတ်မှုများက ပရိသတ်စိတ်တိုင်းကျစေမည့်ပွဲပင်ဖြစ်သည်။

မေ ၂၀ ရက်တွင် ယှဉ်ပြိုင်ထိုးသတ်မည့် ပွဲများမှာ သုံးချီပွဲများအဖြစ် ကျော်ဝဏ္ဏ(တွံတေး)နှင့် စိုးအောင်(ရွှေလက်ရာ)၊ အေးနိုင်(တွံတေး)နှင့် ကျားဘီလူး(ဧရာဝတီ)၊ အောင်ကိုမင်း (ရန်ကုန်)နှင့် သံချောင်း(တွံတေး)တို့ ပွဲများ ပါဝင်သည်။

ရေကုန်ရေခန်း

ထိုနေ့လေးချီစိန်ခေါ်ပွဲများတွင် အောင်ပိုင်လေး(သထုံ) နှင့် စောထူးသစ်(ရွှေလက်ရာ)၊ ဇာနည်အောင် (မြို့/စည်)

တာတိုးဝါး

သူရရဲအောင်(မြန်မာပြည်သား)အား မည်သည့်ထိုးကွက်ဖြင့် ပွဲသိမ်းနိုင်မည်ကို စောင့်ကြည့်ရမည့် တာတိုးဝါး။

နှင့် ဘိုဘို(သထုံ)တို့ပွဲများပါဝင်ရာ ရေကုန်ရေခန်း ထိုးသတ်ကြမည့်ပွဲများပင်ဖြစ်သည်။

ထို့အပြင် ငါးချီစိန်ခေါ်ပွဲများအဖြစ် ပြည်နယ်/တိုင်း ငွေတံဆိပ်ဆုရ ထစ်ချုံး(မြန်မာပြည်သား)နှင့် ပြည်နယ်/တိုင်း ရွှေတံဆိပ်ဆုရ ရွှေထွန်းယုံ (ဘိလပ်မြေစက်ရုံ)၊ ကျန်စစ်အောင်(မြို့/စည်)နှင့် ပြည်နယ်/တိုင်း ရွှေတံဆိပ်ဆုရ မင်းရန်နိုင်(ဘိလပ်မြေစက်ရုံ)၊ မြားတစ်စင်း(လယ်ယာ/ဆည်မြောင်း)နှင့် ပြည်နယ်/တိုင်း ရွှေတံဆိပ်ဆုရ စစ်အောင်(ဘိလပ်မြေစက်ရုံ)၊ ပြည်နယ်/တိုင်း ရွှေတံဆိပ်ဆုရဒေါဂျစ်(လယ်ယာ/ဆည်မြောင်း)နှင့် ပြည်နယ်/တိုင်း ရွှေတံဆိပ်ရ မောင်မောင်(ဘိလပ်မြေစက်ရုံ)၊ ရွှေခါးပတ်ချန်ပီယံ(၂၀၀၂/၂၀၀၆)ဝင်းထွန်း (လယ်ယာ/ဆည်မြောင်း)နှင့် ဂျပန်ပြန်ကျော်ငြိမ်း(သထုံ)တို့ ပွဲများကား အသည်းမာ၍ ပွဲတက်လာကြသူများ၏ စိန်ခေါ်ပွဲဖြစ်သဖြင့် လက်ဝှေ့ဝါသနာရှင်များ အသက်ရှူမှားစေမည့် ထိုးသတ်ပွဲများပင်ဖြစ်သည်။

သဲသဲကွဲကွဲသိရမည်

မေ ၂၀ ရက်ပွဲများတွင် ပရိသတ်မျှော်လင့်နေသည့်ပွဲမှာ ရွှေခါးပတ်ချန်ပီယံ(၂၀၀၂/၂၀၀၆)ဝင်းထွန်း(လယ်ယာ/

ဂျပန်ပြန်ကျော်ငြိမ်း

ဝင်းထွန်း(လယ်ယာ/ဆည်မြောင်း)ကို ယှဉ်ပြိုင်ထိုးသတ်မည့် ဂျပန်ပြန် ကျော်ငြိမ်း။

ဆည်မြောင်း)နှင့်ဂျပန်ပြန်ကျော်ငြိမ်းတို့၏ လက်ဝှေ့ပွဲပင်ဖြစ်သည်။လက်ဝှေ့ကျော် ဝင်းထွန်း(လယ်ယာ/ဆည်မြောင်း)၏ ဝါရင့် သမ္မာရင့် လက်ဝှေ့စွမ်းရည်ကို ဂျပန်ပြန်ကျော်ငြိမ်း မည်သို့ ရင်ဆိုင်တုံ့ပြန် ထိုးသတ်မည်ဆိုသည်မှာ စိတ်ဝင်စားစရာကောင်းသည်ဖြစ်ရာ မည်သို့ရလဒ်ထွက်ပေါ်လာမည်ကို မေ ၂၀ရက်၌ သဲသဲကွဲကွဲ သိရှိရတော့မည် ဖြစ်သည်။

ထို့ကြောင့် မြန်မာ့ရိုးရာ လက်ဝှေ့ကျော်များ၏ ပွဲကြီးပွဲကောင်းများကို မျှော်လင့်တောင့်တနေကြသည့် ပရိသတ်ကြီးအတွက် သတင်းကောင်းပါး ဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

အဘိဓမ္မာပြန့်ပွားရေးအသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် မေ ၁၅

ရန်ကုန်မြို့ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ (၆၁)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးကို နယုန်လပြည့်ကျော် ၁၁ရက် (ဖွန် ၁၀ရက်) တနင်္ဂနွေနေ့ နံနက် ၈ နာရီတွင် ဗဟန်းမြို့နယ် ဗဟန်းလမ်းမကြီး အမှတ် ၄၉/၅၁ရှိ အဘိဓမ္မရတနာဃရ အဘိဓမ္မာဓမ္မဗိမာန်တော်ကြီးတွင် ကျင်းပမည်ဖြစ်သည်။ အသင်းသား၊ အသင်းသူများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန် နှိုးဆော်ထားကြောင်း သိရသည်။

(က–ပ)

မှတ်သားဖွယ်ရာ မိုးရေချိန်

၁၅–၅–၂၀၀၇

ကျောက်ဖြူမြို့	၈	ဒသမ	၀၇	လက်မ
မင်းကင်းမြို့	၄	ဒသမ	၀၂	လက်မ
ဟားခါးမြို့	၅	ဒသမ	၅၅	လက်မ
ကလေးဝမြို့	၄	ဒသမ	၀၉	လက်မ

မြောက်ဥက္ကလာပမြို့နယ် ရိုးရာပန်းပညာရှင်များ ပန်းချီပြပွဲ

ရန်ကုန် မေ ၁၅

မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို)က ကြီးမှူး၍ မြောက်ဥက္ကလာပမြို့နယ် ပန်းပညာရှင်များ အစည်းအရုံး (၁၁)ကြိမ်မြောက် ပန်းချီပြပွဲကို ဗိုလ်ချုပ်ဈေး အရှေ့ဘက်တန်း မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို)၌ပြသမည်ဖြစ်သည်။ ပြပွဲတွင် ပန်းချီပညာရှင်များဖြစ်ကြသည့် သပြေမြင့်သိန်း၊ ခရေမြင့်သန်း၊ လှမြင့်ကျော်၊ မင်းစိုး၊ မင်းမောင်မောင်ရွှေ၊ ဆုပန်၊ AT. ညွှန့်၊ K. ကျော်၊ နန္ဒာမြင့်၊ မင်းကျော်၊ ကျော်သစ်စန်း၊ ကျော်ဆန်းသွင်၊ စောပြည့်ပြည့်၊ အောင်သစ်၊ ကောင်းဝေ၊ ရွှေမြင့်၊ စန်းအောင်၊ နေအောင်ရှူ၊ မျိုးမြင့်အောင်၊ မြကျော်၊ အေးအေးမော်၊ ထွန်းအောင်၊ ရဲလင်းထွန်း၊ မျိုးမြင့်ဇော်တို့၏ ပန်းချီလက်ရာမွန်များ ပါဝင်ခင်းကျင်းပြသမည်ဟု သိရသည်။ **(က–ပ)**

ကလောမြို့ နန်းအွန်ရွာအဝင်လမ်း ကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၅ ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်အောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (နယ်စပ်/စည်ပင်)

ကော့သောင်းမြို့ အောင်ဘာစံပြကျေးရွာ စာကြည့်တိုက်သို့ တီဗွီ၊ ရေဒီယို၊ စာအုပ်နှင့်စာစောင်များ ပေးအပ်လှူဒါန်း

ကော့သောင်း မေ ၁၀

ကော့သောင်းမြို့နယ် အောင်ဘာစံပြကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်သို့တီဗွီ၊ ရေဒီယို၊ စာအုပ်နှင့်စာစောင်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဧပြီ ၂၉ရက် နံနက် ၁၀နာရီက အောင်ဘာကျေးရွာ တွဲဖက် အလယ်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဦးမင်းအေးလွင်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်အေးက စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးနှင့် အလှူရှင်များအား ကျေးဇူးတင်စကားပြောကြားသည်။

လက်ခံယူ

ဆက်လက်၍ကော့သောင်းခရိုင်ဥက္ကဋ္ဌ ဦးမင်းအေးလွင်က အောင်ဘာစံပြကျေးရွာအတွက် တီဗွီတစ်လုံးကို ပေးအပ်လှူဒါန်းပြီး မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းနှင့် ခရိုင်ဦးစီးအရာရှိ ဦးမြင့်အေးတို့က စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးခင်မောင်ဝင်းနှင့် စာကြည့်တိုက်တာဝန်ခံဦးအင်စိုးတို့က လက်ခံယူကြသည်။ **(အပေါ်ပုံ)**

ထို့နောက် အောင်ဘာကျေးရွာ အလှူရှင်ဒေါ်ယမင်းနှင့် အောင်မြန်မာ ကျေးရွာမှ အလှူရှင်ဦးကျော်ဦး၊ ကံပုမာတမ်းကျေးရွာမှ အလှူရှင်ဦးရဲလင်း၊ ပုလောဘာလိုင်းကျေးရွာမှ အလှူရှင် ဦးသာစိန်တို့က စာကြည့်တိုက်များသို့ ရေဒီယိုတစ်လုံးစီ လှူဒါန်းကြသည်။ **(ခရိုင် ပြန်/ဆက်)**

မန္တလေးတိုင်း ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ထပ်ဆင့်ရှင်းလင်း

ငွေပဒေသာပင်ရရှိရေးဆောင်ရွက်

မိတ္ထီလာ မေ ၁၁

မန္တလေးတိုင်း မိတ္ထီလာခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ မေ၁ရက်မွန်းတည့်၁၂နာရီက မန္တလေးတိုင်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ထပ်ဆင့် ရှင်းလင်းပွဲ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန တိုင်းဦးစီးမှူး ဦးကျော်သန်းထွန်း၊ မိတ္ထီလာခရိုင်ဦးစီးအရာရှိ ဦးမောင်မောင်အုန်း၊ ရမည်းသင်းခရိုင်ဦးစီးအရာရှိ ဦးရဲညွန့်၊ မိတ္ထီလာခရိုင် မြို့နယ်ရုံးများနှင့် ရမည်းသင်းခရိုင် မြို့နယ်ရုံးများမှ မြို့နယ်ဦးစီးမှူးများ၊ စာထောက်(၃)များ၊ ရုပ်/သံကျွမ်းကျင်(၃)များ၊ ဓာတ်ပုံကျွမ်းကျင်(၂)များ တက်ရောက်ကြသည်။

မန္တလေးတိုင်း ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးကျော်သန်းထွန်းက ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး၏ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များရေရှည်တည်တံ့ရေးအတွက် မှာကြားမှုများကို ထပ်ဆင့် ရှင်းလင်းပြီး ၂၀၀၇ခုနှစ်အတွင်း ကျေးရွာစာကြည့်တိုက်များ အဆောက်အအုံဆောက်လုပ်ရေး၊ ငွေပဒေသာပင်များရရှိရေး၊ မှတ်ပုံတင် စာကြည့်တိုက်များဖြစ်ရေး၊ စာအုပ်စာစောင်များတိုးပွားရေး၊ ပရိဘောဂများရရှိရေးနှင့်စာဖတ်ဝိုင်းများကျင်းပရေးတို့ကို အကျယ်တဝင့် ဆွေးနွေးကာ တက်ရောက်ကြသော ခရိုင်နှင့်မြို့နယ်များမှ တင်ပြသောအချက်များကို ညှိနှိုင်းပေါင်းစပ်ကာ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မြို့နယ် သတင်းများ

မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလ္လံစေတီ ပရိဝုဏ်အတွင်း ပြုပြင်တည်ဆောက်မှုလုပ်ငန်းများအတွက် မေ ၉ရက်က နှစ်ဖက်သောမိဘများအား ဦးထိပ်ထား၍ မော်လမြိုင်မြို့ဘိုကုန်းရပ်အောက်လမ်းမကြီးနေဦးစိန်ကြည်-ဒေါ်တင်မြိုင်၊ သမီးမသန်းသန်းခိုင်၊ မခင်စောထူး မိသားစုက ငွေကျပ်တစ်သိန်းငါးသောင်း ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်းက လက်ခံယူစဉ်။ (၁၆၈)

မိခင်နှင့်ကလေးများနေ့ အထိမ်းအမှတ် ကလေးပြိုင်ပွဲကျင်းပ ဆုပေးအပ်ချီးမြှင့်၊ ရှေ့လုပ်ငန်းစဉ်များ ရှင်းလင်း

သီပေါ မေ ၈

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းကကြီးမှူး၍ မိခင်နှင့်ကလေးများနေ့ အထိမ်းအမှတ် ကလေးပြပွဲ၊ ပြိုင်ပွဲ၊ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဧပြီ ၃၀ရက် နံနက်၉နာရီက စံပယ်ခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းနာယက သီပေါမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ကြည်က အမှာစကားပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌဒေါ်ကျင်မြနှင့်အသင်းအတွင်းရေးမှူး ခရိုင် ဆရာဝန်ကြီး ဒေါက်တာ ဒေါ်ရီရီထွေးတို့က မိခင်နှင့်ကလေးများနေ့ ဖြစ်ပေါ်လာပုံနှင့် ကလေးပြပွဲ၊ ပြိုင်ပွဲကျင်းပရခြင်း၏ ရည်မှန်းချက်များကို ရှင်းလင်းပြောကြားသည်။

ရှင်းလင်း

ဆက်လက်၍ အသင်းတွဲဖက်အတွင်းရေးမှူး ဒေါ်နန်းအုန်းကြည်က အသင်း၏ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆုချီးမြှင့်

ထို့နောက် မိခင်နှင့်ကလေးများနေ့ အထိမ်းအမှတ်အဖြစ်ကျင်းပသော ကလေးပြပွဲ၊ပြိုင်ပွဲတွင် ဆုရရှိသူ ကလေးမိခင်များအား မြို့နယ်ဥက္ကဋ္ဌ ဦးခင်ကြည်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ကျင်မြ **(အပေါ်ပုံ)**နှင့် တာဝန်ရှိသူများက တစ်ဦးချင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။ (၁၀၆)

သက်ကြီးပူဇော်ပွဲ မိုးညှင်းမြို့၌ ကျင်းပ

မိုးညှင်း မေ ၅

ကချင်ပြည်နယ် မိုးညှင်း စိမ်းလဲ့ရတနာခန်းမတွင် မြန်မာနှစ်ဆန်းတစ်ရက်နေ့က သက်ကြီး ပူဇော်ပွဲ ကျင်းပရာ မြို့ပေါ် ၆ရပ်ကွက်မှ သက်ကြီးရွယ်အို အဘိုးအဘွားများအား ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးစိန်ထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးဇော်မင်းဟန်နှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ရပ်ကွက်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက အလှူငွေနှင့် ဆေးဝါး ပစ္စည်းများ အသီးသီးပေးအပ်၍ ပူဇော်ကန်တော့ကြသည်။ **(၁၅၂)**

ထောက်ပံ့ပေးအပ်

တာချီလိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဝန်ထမ်းဝတ်စုံ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ဧပြီ ၂၆ရက်က တာချီလိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအစည်းအဝေးခန်းမ၌ကျင်းပရာ ခရိုင် အုပ်ချုပ်ရေးမှူး ဦးခင်သန်းက ဝန်ထမ်းတစ်ဦးလျှင်ငွေကျပ် ၉၀၀၀ တန်ဖိုးနှုန်းဖြင့် စုစုပေါင်းတန်ဖိုးငွေကျပ် ၁၈၉၀၀၀ ရှိ ဝန်ထမ်းဝတ်စုံ ၂၁စုံကို ဝန်ထမ်းတစ်ဦးချင်းထံ ထောက်ပံ့ပေးအပ်စဉ်။ (၄၂၀)

ကျိုင်းတုံမြို့ မြို့မဈေး အတွင်း မီးသတ်ကား ဝင်ထွက်နိုင်ရန်အတွက် ဈေးအရှေ့၊ အနောက် အဝင်လမ်း ကတ္တရာ ထပ်ပိုးလွှာခင်းခြင်းကို ဧပြီ ၂၉ ရက်က အမှုဆောင်အရာရှိ ဦးခင်ကျော်နှင့် အင်ဂျင်နီယာမှူး ဦးအောင်နိုင်တို့ ကြီးကြပ်ဆောင် ရွက်စဉ်။ (မြို့နယ်စည်ပင်)

မီးသတ်တပ်ဖွဲ့နေ့ ကောလင်း၌ ကျင်းပ

ကောလင်း မေ ၁၂

(၆၁)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကိုမေ၅ရက်က ကောလင်းမြို့နယ် ပြည်သူ့ အားကစားကွင်း၌ ကျင်းပရာ မြို့နယ် ဥက္ကဋ္ဌ ဦးစိုးနိုင်နှင့် အဖွဲ့ဝင်များ၊ ရပ်ကွက် ဥက္ကဋ္ဌများ၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးဌေးမြင့်နှင့် မြို့နယ် မီးသတ် တပ်ဖွဲ့ဝင်များနှင့် မြို့ပေါ်ရှိခြောက် ရပ်ကွက်မှ အရန်မီးသတ် တပ်ဖွဲ့ဝင်များ တက်ရောက် ကြသည်။ **(၀၂၆)**

နိုင်ငံသားပိုင် ပြည်ပလေကြောင်းလိုင်းများပေါ်ပေါက်လာခြင်းဖြင့် ကမ္ဘာလှည့်ခရီးသွားများ လာရောက်မှုကို ပိုမိုဆွဲဆောင်နိုင်မည်

သတင်းမြင်ကွင်း-မြင့်မောင်စိုး
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

*** ရှေ့ဖုံးမှ**

အဲပုဂံ (Air Bagan) လေကြောင်းလိုင်းအနေဖြင့် ပြည်တွင်းနှင့် နိုင်ငံတကာခရီးစဉ်များတွင် အများပြည်သူများအား အဆင်ပြေချောမွေ့စွာ ခရီးသွားလာနိုင်ရေး၊ နိုင်ငံတကာနှင့် ပြည်တွင်းခရီးစဉ်များ သက်သာသောနှုန်းထားဖြင့် ခရီးသွားလာနိုင်ရေး၊ မြန်မာနိုင်ငံအတွင်းသို့ နိုင်ငံခြားသားခရီးသည်များ ပိုမိုလာရောက်နိုင်ရေးနှင့် မြန်မာနိုင်ငံ၏ အေးချမ်းသာယာဝပြောမှုကို ကမ္ဘာကသိရှိစေရေးစသော ရည်ရွယ်ချက်များဖြင့် ပျံသန်းပြေးဆွဲခြင်းဖြစ်ကြောင်း အဆိုပါ အခမ်းအနားတွင် အဲပုဂံလီမိတက်ဥက္ကဋ္ဌ ဦးတေဇက ရှင်းလင်းပြောကြားသည်။

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ အဲပုဂံလီမိတက် နိုင်ငံတကာခရီးစဉ် ပျံသန်းပြေးဆွဲခြင်း ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (မြန်မာ့အလင်း)

ယင်းနောက် အဲပုဂံ၏ နိုင်ငံတကာခရီးစဉ် လေကြောင်းပျံသန်းပြေးဆွဲခြင်း ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ကွင်း၌ ကျင်းပရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေနှင့် ဦးတေဇတို့က ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယခုဖွင့်လှစ်လိုက်သည့် အဲပုဂံ လီမိတက်၏ ပထမဆုံး ပြည်ပခရီးစဉ်မှာ ရန်ကုန်-ဗန်ကောက်-ရန်ကုန်ခရီးစဉ်ဖြစ်ကြောင်း၊ ရန်ကုန်မှ ဗန်ကောက်သို့ နေ့စဉ် နံနက် ၇ နာရီခွဲတွင် လေယာဉ်ထွက်ခွာပြီး ဗန်ကောက်သို့ နံနက်၉နာရီ ၁၀မိနစ်တွင် ရောက်ရှိမည်ဖြစ်ကြောင်း၊ တစ်ဖန် ဗန်ကောက်မှ ဒေသစံတော်ချိန် နံနက် ၁၀ နာရီ၁၀မိနစ်တွင် ပြန်လည်ထွက်ခွာပြီး ရန်ကုန်သို့ ၁၀နာရီ၄၅မိနစ်တွင်ပြန်လည်ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

အဲပုဂံလေကြောင်းလိုင်းသည် လာမည့်ဇူလိုင်၊ဩဂုတ်လများတွင် စင်ကာပူသို့လည်း လေကြောင်းသစ် တိုးချဲ့ပြေးဆွဲရန် စီစဉ်ထားကြောင်း၊ ထို့အပြင် တရုတ်နိုင်ငံ ကူမင်းမြို့၊ အိန္ဒိယနိုင်ငံ ချန်နိုင်းမြို့နှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့များသို့လည်း ပြေးဆွဲရန် အစီအစဉ်ရှိကြောင်း ဦးတေဇကပြောကြားသည်။

Air Bagan Ltd.ကို ၂၀၀၄ခုနှစ်နိုဝင်ဘာလတွင် စတင်တည်ထောင်ခဲ့ပြီး ပြည်တွင်းမြို့ပေါင်း၁၇မြို့သို့ အောင်မြင်စွာပျံသန်းပြေးဆွဲနိုင်ခဲ့ကြောင်း၊ ယခုအခါ Fokker F-100 လေယာဉ်နှစ်စင်း၊ ATR-42 လေယာဉ်သုံးစင်း၊ ATR-72လေယာဉ်နှစ်စင်း၊ Airbus A-310နှစ်စင်း စုစုပေါင်း လေယာဉ်ကိုးစင်းဖြင့် ပျံသန်းပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

သင်တန်းများပေးခဲ့

အဲပုဂံလီမိတက်အနေဖြင့် အဆိုပါ ခရီးစဉ်များ ပြေးဆွဲနိုင်ရေးအတွက် နိုင်ငံခြားသား Airbusလေယာဉ်မှူးကြီးများနှင့် နိုင်ငံခြားသားအင်ဂျင်နီယာများကို ငှားရမ်းခြင်း၊ မြန်မာနိုင်ငံသား လေယာဉ်မှူးများအား Airbus A-310 လေယာဉ်မောင်းသင်တန်းတက်ရောက်စေခြင်း၊ မြန်မာနိုင်ငံသား လေယာဉ်မောင်၊ လေယာဉ်မယ်များအား Airbus သင်တန်းများပေးခဲ့ကြောင်းလည်း သိရသည်။ ထို့အပြင် အမျိုးသားလေယာဉ်မှူးသင်တန်းသားလေးဦးနှင့် မြန်မာနိုင်ငံ၏ ပထမဆုံးသော အမျိုးသမီး လေယာဉ်မှူးနှစ်ဦး စုစုပေါင်း ခြောက်ဦးတို့အားလည်းမလေးရှားနိုင်ငံ Integrated Aviation Academy သင်တန်းကျောင်းသို့လည်းတက်ရောက်စေခဲ့ကြောင်း သိရသည်။ အဲပုဂံ လီမိတက်မှ ယနေ့ ဖွင့်လှစ်လိုက်သော ရန်ကုန် - ဗန်ကောက် - ရန်ကုန် လေကြောင်းလိုင်းဖြင့် ခရီးသည်၁၇၈ဦး၊ လေယာဉ်မှူးသုံးဦးနှင့် လေယာဉ်မောင်၊ လေယာဉ်မယ်ရှစ်ဦး စုစုပေါင်း ၁၈၉ ဦး လိုက်ပါသွားကြောင်း သိရသည်။

အဲပုဂံလီမိတက်ဥက္ကဋ္ဌ ဦးတေဇ နိုင်ငံတကာခရီးစဉ်များ ပျံသန်းပြေးဆွဲနိုင်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားစဉ်။ (မြန်မာ့အလင်း)

အဆင်ပြေ

သို့ဖြစ်၍ အဲပုဂံကဲ့သို့ မြန်မာနိုင်ငံသားပိုင် လေကြောင်းလိုင်း ပေါ်ပေါက်လာခြင်းဖြင့် ခရီးသွားပြည်သူများ သွားလာမှု လွယ်ကူအဆင်ပြေလာမည့်အပြင် ကမ္ဘာလှည့် ခရီးသွားများ လာရောက်မှုကိုလည်း ပိုမိုဆွဲဆောင်သွားနိုင်မည်ဟု မျှော်လင့်ရသည်။

(မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား

၁၆-၅-၂၀၀၇ရက်
(ဗုဒ္ဓဟူးနေ့)
နံနက်ပိုင်း

၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၅။ အတီးပြိုင်ပွဲ
၈:၀၀ ၆။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈:၁၅ ၇။ အဆိုပြိုင်ပွဲ
၈:၂၅ ၈။ နမ္မတီးတံတား(ကံလှ)
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ Happy and Educational English Summer Course MRTV
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(ဓာတုဗေဒ အထူးပြု) [ဓာတုဗေဒ]
၁၆:၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇:၀၀ ၅။ သီချင်းကြီးပဒေသာ
၁၇:၁၅ ၆။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၁၇:၃၅ ၇။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
၁၈:၀၀ ၈။ ညနေခင်းသတင်း
၁၈:၃၀ ၉။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၀။ သုတစုံလင် ရွှေညာဏ်ရှင်
၁၉:၀၀ ၁၁။ Discovery
၁၉:၁၀ ၁၂။ အသွင်ပြောင်းဒီပလိုမေစီ၏ ဇာတ်ကောင်များကို အထူးသတိပြု(အပိုင်း-၂)
၁၉:၂၅ ၁၃။ **အမုန်းချစ်မှ အချစ်မုန်း** ဖြိုးငွေစိုး၊ ထက်ရှား၊ မေနန်းခေါင် (ဒါရိုက်တာ-ကြည်စိုး)
၁၉:၃၅ ၁၄။ အာဆီယံနိုင်ငံများအချင်းချင်း ပေါင်းစပ်ဆောင်ရွက်ခြင်း (အာဆီယံပညာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု)
၂၀:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ မြန်မာဗီဒီယိုဇာတ်လမ်း **ဒုတိယမြောက် ခုံတန်းလျားလေးမှာ** ဒွေး၊ နန္ဒာလှိုင် (ဒါရိုက်တာ-တာတီး)
၁၉။ နောက်တစ်နေ့အစီအစဉ်
၂၀။ အစီအစဉ်ပြီး၏။

ပြည်နယ်နှင့်တိုင်း ဘတ်စကက်ဘောပြိုင်ပွဲ အုပ်စုပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်

ရန်ကုန် မေ ၁၅

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်တို့ ကြီးမှူးကျင်းပသည့် တတိယအကြိမ်မြောက် အသက် ၁၈နှစ်နှင့်အောက် ပြည်နယ်နှင့်တိုင်း အမျိုးသား၊ အမျိုးသမီးဘတ်စကက်ဘောပြိုင်ပွဲများကို မေ ၁၂ရက်မှ ၁၈ရက်အထိ အောင်ဆန်းအားကစားပြိုင်ဝင်းတွင် ကျင်းပလျက်ရှိရာ (က)အုပ်စုမှ လက်ရှိချန်ပီယံ ရန်ကုန်တိုင်းအမျိုးသမီးအသင်းသည် အကြိုဗိုလ်လုပွဲ တက်ရောက်သွားပြီဖြစ်သည်။

အဆိုပါအုပ်စုတွင် ပဲခူးတိုင်းအမျိုးသမီးအသင်းသည် သုံးပွဲကစား နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး ခြောက်မှတ်ဖြင့် အုပ်စုဒုတိယရရှိကာ အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

(ခ)အုပ်စု

(ခ)အုပ်စုတွင် ယမန်နှစ်က ဒုတိယရရှိထားသည့် စစ်ကိုင်းတိုင်းအမျိုးသမီးအသင်းသည် သုံးပွဲကစား သုံးပွဲနိုင် ကိုးမှတ်ဖြင့် အုပ်စုပထမ၊ မန္တလေးတိုင်းအသင်းသည် သုံးပွဲကစား နှစ်ပွဲနိုင်၊ တစ်ပွဲရှုံးဖြင့် အုပ်စုဒုတိယရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားကြသည်။

အမျိုးသားပြိုင်ပွဲတွင် ဧရာဝတီတိုင်းအသင်း၏ ပိတ်ဆို့မှုကြားမှ ရန်ကုန်တိုင်းအသင်း နံပါတ်(၁၄) ထက်အောင်လှိုင် ထိုးဖောက်ဂိုးသွင်းရန် ကြိုးစားစဉ်။ ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

အမျိုးသမီးအကြိုဗိုလ်လုပွဲအဖြစ် လက်ရှိချန်ပီယံ ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် စစ်ကိုင်းတိုင်းအသင်းတို့သည် မေ ၁၇ရက်တွင် အကြိုဗိုလ်လုပွဲများ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အမျိုးသား(က)အုပ်စုတွင် ယမန်နှစ်ချန်ပီယံရန်ကုန်တိုင်းအသင်းသည် သုံးပွဲကစား သုံးပွဲနိုင်ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းသည် လေးပွဲကစား သုံးပွဲနိုင်၊ တစ်ပွဲရှုံးဖြင့် ပွဲကုန်သွားပြီး ရန်ကုန်တိုင်းအသင်းနှင့် ကိုးမှတ်စီ အမှတ်တူသော်လည်း ရန်ကုန်တိုင်းအသင်းသည် လက်ကျန်တစ်ပွဲကစားရန် ကျန်ရှိပြီး အနိုင်ရရှိပါက အုပ်စုပထမဖြင့် အကြိုဗိုလ်လုပွဲ တက်ရောက်သွားမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

ချစ်ကြည်ရေးဘော်လီဘောလက်ရည်စမ်း မြန်မာအသင်း သုံးပွဲပြတ်အနိုင်ရ

ရန်ကုန် မေ ၁၅

မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် လက်ရွေးစင်အသင်းနှင့် အိန္ဒိယတက္ကသိုလ် ချန်ပီယံဘော်လီဘောအသင်းတို့၏ ချစ်ကြည်ရေး လက်ရည်စမ်းပွဲ တတိယပွဲစဉ်ကို ယနေ့ ညနေ ၃ နာရီက အမျိုးသား အားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပရာ (အောက်ပုံ) အိန္ဒိယတက္ကသိုလ် ချန်ပီယံဘော်လီဘောအသင်းသည် ယခင် ရှုံးပွဲများဆပ်ရန် ကြိုးစားကစားသွားသော်လည်း နိုင်ငံတကာ ပြိုင်ပွဲအတွေ့အကြုံများသည့် မြန်မာ့လက်ရွေးစင် ဘော်လီဘော အသင်းအား အကြိတ်အနယ် ယှဉ်ပြိုင်ကစားပြီး သုံးပွဲပြတ်ဖြင့် ထပ်မံရှုံးနိမ့်သွားသည်။

ပထမပွဲတွင် မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ် လက်ရွေးစင်အသင်းက ၂၅ မှတ်-၂၂ မှတ်ဖြင့်လည်းကောင်း၊ ဒုတိယပွဲငယ်တွင် ၂၅ မှတ်-၂၂ မှတ်ဖြင့် အနိုင်ရရှိပြီး၊ တတိယပွဲတွင်လည်း ၂၅ မှတ်-၂၂မှတ်ဖြင့် ပွဲငယ်သုံးပွဲတွင် တစ်ပွဲစီ သုံးမှတ်အသာဖြင့် အနိုင်ရရှိသွားခြင်းဖြစ်သည်။ ယနေ့ပွဲတွင် အိန္ဒိယတက္ကသိုလ် လက်ရွေးစင်အသင်းသည် အထူးကြိုးစားကစားသွားသော်လည်း နိုင်ငံတကာ ပြိုင်ပွဲအတွေ့အကြုံများသည့် မြန်မာ့လက်ရွေးစင်ဘော်လီဘောအသင်းက အနိုင်ရရှိသွားခြင်းဖြစ်သည်။

မေ ၁၇ရက် ညနေ ၃ နာရီ

ပဏာမမြန်မာ့လက်ရွေးစင်ဘော်လီဘော အသင်းနှင့် အိန္ဒိယတက္ကသိုလ် ချန်ပီယံ ဘော်လီဘောအသင်း ယှဉ်ပြိုင်မည်ဖြစ်သည်။

(မြန်မာ့အလင်း)

သတင်းမှတ်စုနှင့် ဓာတ်ပုံ
သိန်းဝင်းလေး(မြန်မာ့အလင်း)

● *ကျောဖုံးမှ*

ထုတ်လုပ်ပေးနိုင်

ဆက်လက်ပြီး ပြန်ကြားရေးဝန်ကြီးဌာနသို့ ယခင်က စက်အရန်ပစ္စည်းများ ထုတ်လုပ်ပေးမှု ရှိ မရှိကို မေးမြန်းရာ **“သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက် စက်အရန်ပစ္စည်းသုံးမျိုးနဲ့ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက် စက်အရန်ပစ္စည်း ၁၀ မျိုးကို ထုတ်လုပ်ပေးနိုင်ခဲ့ပါတယ်၊ တချို့ အစိတ်အပိုင်းတွေက အရေးအတွက် နည်းပေမယ့် လုပ်ငန်းမှာ တကယ် ထိရောက်ပြီး အသုံးဝင်ပါတယ်”** ဟု ဦးဝေဖြိုးဆန်းက ပြောကြားသည်။

ကျွန်တော်တို့ ထုတ်လုပ်ပေးနိုင်မယ့် စက်အရန်ပစ္စည်းတွေ တွေ့ရှိထားပြီးပါပြီ။

ဦးဝေဖြိုးဆန်း
မန်နေဂျင်းဒါရိုက်တာ
KME Engineering Group

ယခုပြပွဲ၌ လေ့လာခဲ့ပြီးသမျှ အနေအထားအပေါ်တွင်လည်း ဦးဝေဖြိုးဆန်းက **“ပစ္စည်းအသစ်တွေ ထပ်လုပ်ပေးနိုင်မယ့် အခြေအနေတွေ ရှိတယ်၊ ကျွန်တော်တို့အနေနဲ့ စက်အရန်ပစ္စည်းတွေကို ပိုပြီး အမျိုးအစားများများ ထုတ်လုပ်နိုင်တော့မှာပါ၊ ကျွန်တော်တို့ ထုတ်လုပ်ပေးနိုင်မယ့် စက်အရန်ပစ္စည်းတွေ တွေ့ရှိထားပြီးပါပြီ”**ဟုလည်း ရှင်းပြသည်။

KME Engineering Group သည် ပြန်ကြားရေးဝန်ကြီးဌာနအတွက် Plate Cylinder များ၊ Reel Sheft များနှင့် Folder Shaft များထုတ်ပေးနေသော လုပ်ငန်းတစ်ခုဖြစ်သည်။ အချို့စက်ပစ္စည်းများကို မူလ အရည်အသွေးအတိုင်း စံချိန်မီအောင် ပြုပြင်ပေးခြင်းများလည်း ပါဝင်သည်။

အကျိုးရှိ

ယခုကဲ့သို့ ပြပွဲများ ပြုလုပ်သဖြင့် လုပ်ငန်းချိတ်ဆက်များ မိသွားကြောင်း၊ စက်ပစ္စည်းအစိတ်အပိုင်းများ အခက်အခဲအတွက်လည်း ၉၀ ရာခိုင်နှုန်းခန့် ဖြေရှင်းပြီးဖြစ်သွားကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် မထင်မှတ်တဲ့ပစ္စည်းများ ထုတ်လုပ်နိုင်ရေးအခွင့်အလမ်းရကြောင်း၊ နှစ်ဦးနှစ်ဖက် အကျိုးပါ ရှိကြောင်းလည်း ဦးဝေဖြိုးဆန်းက ပြောကြားသွားသည်။

ထို့နောက် ပြပွဲသို့ လာရောက်လေ့လာကြည့်ရှုနေသော ပုဂ္ဂိုလ်တစ်ဦးဖြစ်သူ ဂုဏ်သီရိ ပုံနှိပ်တိုက်ပိုင်ရှင် ဦးကျော်စိုးသန့်အား ပြပွဲသို့ လာရောက်ကြည့်ရှုလေ့လာမှုနှင့် ပတ်သက်ပြီး မေးမြန်းရာ **“ဒီပွဲမှာပြသထားတဲ့ စက်ပစ္စည်းအစိတ်အပိုင်း တွေကို သိချင်မြင်ချင်တာရယ်၊ နောက်ပြီး စက်အရန်ပစ္စည်း အစိတ်အပိုင်းတွေ ဘယ်လိုအစားထိုး သုံးစွဲလို့ရမလဲဆိုတာ သိချင်လို့ပါ၊ ကျွန်တော်တို့က ဒီစက် အစိတ်အပိုင်းပစ္စည်းတွေမှာပြီး သုံးချင်တာမို့ ဘယ်လို ချိတ်ဆက်ရမလဲဆိုတာ သိချင်တာလဲပါတယ်”**ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

ဒီပြပွဲမှာ ပြသထားတဲ့ စက်ပစ္စည်းအစိတ်အပိုင်းတွေကို သိချင်မြင်ချင်တာပါ။

ဦးကျော်စိုးသန့်
ဂုဏ်သီရိပုံနှိပ်တိုက်ပိုင်ရှင်

ကုန်ကျစရိတ်သက်သာ

ပြပွဲခင်းကျင်းပြသမှုအပေါ် အမြင်ကို မေးမြန်းရာ ဦးကျော်စိုးသန့်က **“တစ်နေရာတည်းမှာ ပစ္စည်းတွေ စုစုစည်းစည်းမြင်တွေ့ရတယ်၊ အသုံးပြုလိုသူတွေအတွက် ဘယ်လိုမှာရင် ရတယ်ဆိုတာရယ်၊ စက်ပစ္စည်းတွေ ထုတ်လုပ်နေတဲ့သူတွေအတွက် ဘယ်ပစ္စည်းအစိတ်အပိုင်းတွေက ငါတို့ထုတ်လုပ်နိုင်တယ်ဆိုတာ ကျယ်ကျယ်ပြန့်ပြန့် သိသွားနိုင်ကြတယ်၊ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့လဲ ပြည်တွင်းမှာတင် စက်အရန်ပစ္စည်းတွေ ရရှိနိုင်တာမို့ ကုန်ကျစရိတ်နည်းပြီး အချိန်ကုန်လဲ သက်သာသွားမယ်၊ အားလုံးအကျိုးရှိစေတဲ့ အစီအစဉ်ပါ”**ဟု မြန်မာ့အလင်းသို့ ဖြေကြားသွားသည်။

ပြပွဲအတွင်း စက်အရန်ပစ္စည်းအစိတ်အပိုင်းများကို လေ့လာနေသော တောင်ဒဂုံစက်မှုဇုန်(၃)မှ ကရိုင်းပလက်စ်နှင့် တွင်ခုံလုပ်ငန်းပိုင်ရှင် ဦးထင်ကျော်အား မေးမြန်းရာ **“အခုပြပွဲမှာ ခင်းကျင်းထားတဲ့ စက်ပစ္စည်းတွေကို ကြည့်လိုက်တော့ ကျွန်တော်တို့လုပ်ငန်းမှာ ထုတ်လုပ်လို့ရတဲ့ စက်ပစ္စည်းတွေ အများကြီး တွေ့ရတယ်။ အခု ကျွန်တော် စက်ပစ္စည်းစာရင်းတွေ မှတ်သားနေပါတယ်။ ကျွန်တော်တို့ ထုတ်လုပ်ပြီး ပစ္စည်းသွင်းမှာပါ။ ကျွန်တော့်အနေနဲ့ ပထမဆုံး လာရောက် လေ့လာကြည့်ရှုရတာဆိုပေမယ့် အကျိုးအများကြီးဖြစ်ထွန်းပါတယ်”** ဟု မြန်မာ့အလင်းသို့ ပြောကြားသည်။

ကျွန်တော်တို့လုပ်ငန်းမှာ ထုတ်လုပ်လို့ရတဲ့ စက်ပစ္စည်းတွေ အများကြီး တွေ့ရပါတယ်။

ဦးထင်ကျော်
ကရိုင်းပလက်စ်နှင့်တွင်ခုံလုပ်ငန်း
တောင်ဒဂုံစက်မှုဇုန်(၃)

ဆက်လက်ပြီး ဦးထင်ကျော်အား မည်သည့် ပစ္စည်းအစိတ်အပိုင်းများ ထုတ်လုပ်နိုင်မည်ကို မေးမြန်းရာ **“Transfer Gripper များ၊ Gripper Jaw များ၊ Stripper Shoes များနှင့် Floder Bar တွေဖြစ်ပြီး တခြား စက်အစိတ်အပိုင်းပစ္စည်းတွေ ကျွန်တော်တို့ ထုတ်လုပ်နိုင်မှာပါ”**ဟု ဦးထင်ကျော်က ပြောကြားသွားသည်။

ထို့နောက်ပြပွဲသို့ လာရောက်လေ့လာနေသော လုပ်ငန်းရှင်တစ်ဦးကို မေးမြန်းရာ **“ကျွန်တော်က စိန်ကြယ် ပုံနှိပ်တိုက်ပိုင်ရှင် ဦးလှတင်ပါ။ ဒီပြပွဲမှာ ရော်ဘာနဲ့ ပြုလုပ်ထားတဲ့ ပစ္စည်းတွေနဲ့ အီလက်ထရွန်နစ်ပိုင်းဆိုင်ရာ ပစ္စည်းတွေကို ဦးစားပေး လေ့လာခြင်း ဖြစ်ပါတယ်။ ကျွန်တော်က ပစ္စည်းမှာချင်လို့လဲပါတယ်။ ပုံနှိပ်စက်တွေမှာ သုံးတဲ့ ရော်ဘာမင်လုံးတွေက ကြာရင် တဖြည်းဖြည်းနဲ့ သေးသွားတယ်။ ဒါကြောင့် ဒီပစ္စည်းတွေ အမျိုးအစားတူရင် မှာသုံးချင်လို့ပါ”** ဟု ရှင်းပြသည်။

နှစ်ဦးနှစ်ဖက်အကျိုးရှိ

ယခုပြပွဲ ခင်းကျင်းပြသမှုအပေါ် အမြင်ကို မေးမြန်းရာ **“ပြည်တွင်းလုပ်ငန်းရှင်တွေကို အားပေးတဲ့အပြင် နိုင်ငံခြားက မှာယူတင်သွင်းရတဲ့ ငွေကြေးကုန်ကျမှုနဲ့ အချိန်တွေလဲ သက်သာသွားစေနိုင်အောင် အကျိုးပြုပါတယ်။ ကျွန်တော်တို့ကတော့ နှစ်ဦးနှစ်ဖက် အပြန်အလှန် အကျိုးရှိစေတာမို့ ဒီပြပွဲမျိုးတွေ ကြိုဆိုပါတယ်”** ဟုလည်း ဦးလှတင်က ပြောကြားသွားသည်။

ရော်ဘာနဲ့ ပြုလုပ်ထားတဲ့ ပစ္စည်းတွေနဲ့ အီလက်ထရွန်နစ်ပိုင်းဆိုင်ရာ ပစ္စည်းတွေကို လေ့လာခြင်း ဖြစ်ပါတယ်။

ဦးလှတင်
စိန်ကြယ်ပုံနှိပ်တိုက်ပိုင်ရှင်

ယခု ခင်းကျင်းပြသသော စက်အရန်ပစ္စည်းနှင့် စက်အစိတ်ပိုင်းများ ပြည်တွင်း၌ထုတ်လုပ်နိုင်ရေး ခင်းကျင်းပြသပွဲသည် နိုင်ငံတော်နှင့် ပြည်တွင်းလုပ်ငန်းရှင်များ၏ အကျိုးစီးပွားကို အထောက်အကူပြုစေသည့် ပြသပွဲဖြစ်ပါကြောင်း တွေ့ဆုံမေးမြန်းရေးသားဖော်ပြလိုက်ပါသည်။ ။

(မြန်မာ့အလင်း)

ပြန်ကြားရေးဝန်ကြီးဌာန စက်အရန်ပစ္စည်းနှင့် စက်အစိတ်အပိုင်းများ ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေး ပြပွဲ၌ ခင်းကျင်းပြသထားသော စက်အရန်ပစ္စည်းများကို ပညာရှင်များ၊ စက်မှုလုပ်ငန်းရှင်များ ကြည့်ရှုလေ့လာခဲ့ကြသည်။ (မြန်မာ့အလင်း)

လောကမှန်ကူ ဆုတောင်းပြည့်စေတီတော်နှင့် ဓာတ်ပေါင်းစုံသိဒ္ဓိရှင် ရုပ်ပွားတော် ဘက်စုံမွမ်းမံ

ရန်ကုန် မေ ၁၅

ဧရာဝတီတိုင်း ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် မဟာသီရိမင်္ဂလာရာမ ကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသုတ မထေရ်မြတ် (ကန်ကြီးထောင့် ဆရာတော်) တည်ထားကိုးကွယ်တော်မူသော လောကမှန်ကူဆုတောင်းပြည့် စေတီတော်မြတ်ကြီးနှင့် ဓာတ်ပေါင်းစုံ သိဒ္ဓိရှင် ရုပ်ပွားတော်မြတ်ကို ဘက်စုံမွမ်းမံပြင်ဆင်လျက်ရှိရာ ဆရာတော်ကြီး၏ ဒါယကာ ဒါယိကာမများ၊ ရပ်နီးရပ်ဝေးမှ ဗုဒ္ဓဘာသာဝင်များသည် မင်းယုဝေ ဖုန်း-၀၁ ၅၅၄၆၀၈၊ ဦးအောင်တင်မြင့်(ညွှန်မှူး)တိုင်းမြေစာရင်းဌာန ပုသိမ်မြို့ ဖုန်း-၀၉-၅၂- ၀၀၁၂၆၊ ဦးကျော်စိန်-ဒေါ်ခင်ဝင်း ဖုန်း-၀၁-၅၀၄၀၄၁၊ ဦးတင်ထွဋ် ဖုန်း-၀၁-၅၂၀၄၁၂၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကန်ကြီးထောင့်မြို့ လောကမှန်ကူစေတီတော်မြတ်ကြီး ဘက်စုံမွမ်းမံတည်ဆောက်ရေးအဖွဲ့ ဖုန်း-၀၄၂ ၂၄၁၉၇နှင့် ဦးကျော်ဝင်း(အတွင်းရေးမှူး) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ကန်ကြီးထောင့်မြို့ ဖုန်း-၀၉-၅၂-၀၂၈၃၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၁၀၈)**

FAG/ INA Roller & Ball Bearings ကုန်ပစ္စည်းများ မိတ်ဆက်ပွဲကျင်းပ

ရန်ကုန် မေ ၁၅

Schaeffle Group (Germany) နှင့် Tractors World ကုမ္ပဏီတို့ ပူးပေါင်းကျင်းပသည့် FAG/ INA Roller & Ball Bearings ကုန်ပစ္စည်းများအကြောင်း မိတ်ဆက်ရှင်းလင်းပွဲကို မေ၁၀ရက်နံနက် ၉နာရီက ရန်ကုန်မြို့ ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပရာ အခမ်းအနားသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ထပ်မံရှင်းလင်း

ရှေးဦးစွာ Tractors World ကုမ္ပဏီမှ အကြံပေးအရာရှိ ဦးတင်ဝင်းက မိတ်ဆက်အမှာစကားပြောကြားသည်။ **(အောက်ပုံ)** ထို့နောက် Schaeffler Group မှ ဒေသဆိုင်ရာ မန်နေဂျာ Mr. Manfred Hanninger က မိမိတို့ ကုမ္ပဏီထုတ် စက်မှုလုပ်ငန်းသုံး FAG/ INA Roller&Ball Bearings အကြောင်း ဗီဒီယိုဆလိုက်များဖြင့် ရှင်းလင်းတင်ပြသည်။ ယင်းနောက် Schaeffler Group အရှေ့တောင်အာရှ အရောင်းမန်နေဂျာ Mr. Tan Singyenn က ကုမ္ပဏီထုတ် Bearings များအကြောင်း ထပ်မံရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများ၏ သိလိုသည့်မေးခွန်းများကို ပြန်လည်ရှင်းလင်းဖြေကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဝယ်ယူနိုင်

အထက်ပါ FAG/ INA Roller & Ball Bearings များကိုပြည်တွင်း၌ ဝယ်ယူလိုပါက Tractors World ကုမ္ပဏီလီမိတက် ဖုန်း- ၅၅၈၂၂၄ နှင့် ၂၄၄၁၀၀ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မိုးလေဝသအခြေအနေ

၁၆-၅-၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။

မန္တလေး

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။

ဟင်္သာတမြို့နယ်၌ လေပြင်းတိုက်ခတ်မှုကြောင့် တဲအိမ်အချို့ အမိုးများ လန်သွားခဲ့

ရန်ကုန် မေ ၁၅

ယမန်နေ့ နံနက် ၈ နာရီက လေပြင်းတိုက်ခတ်မှုကြောင့် ဧရာဝတီတိုင်း ဟင်္သာတမြို့နယ် မရမ်းချိုကျေးရွာအုပ်စု အလယ်ရွာကျေးရွာ၌ တဲအိမ် ၁၂ လုံး အမိုးများ လန်သွားခဲ့ပြီး ကျေးရွာတွဲဖက်အထက်တန်းကျောင်းမှ စာသင်ဆောင်တစ်ဆောင် ပြိုကျခဲ့ကြောင်း၊ အဆိုပါကျောင်းမှ စာသင်ဆောင်တစ်ဆောင်လည်း အမိုးများ လန်သွားခဲ့ကြောင်း သိရသည်။

နှိုးဆော်ထား

လေဘေးသင့်သူများအား တာဝန်ရှိသူများက ဆန်၊ အသုံးအဆောင်ပစ္စည်းနှင့် လိုအပ်သည်များ ကူညီပံ့ပိုး ကူညီပေးခဲ့ကြောင်း၊ ပြည်သူများအနေဖြင့် မုန်တိုင်းကျရောက်မှု သတိပေးချက်များကို ရုပ်မြင်သံကြား၊ ရေဒီယိုနှင့် သတင်းစာများမှ ကြိုတင်ကြေညာ သတိပေးလျက်ရှိရာ ကြည့်ရှုနားဆင်ပြီး လိုအပ်သည့်ပြင်ဆင်မှုများ ပြုလုပ်ထားကြရန် သက်ဆိုင်ရာက နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အင်တာနက်ကျန်းမာရေး

စိတ်ကျန်းမာမှုတိုးတက်ကောင်းမွန်ရေး ကျေးလက်ဒေသများတွင် လမ်းလျှောက်ပေး

ပေကျင်း မေ ၁၅

ကျေးလက်တောပိုင်းဒေသတွင် ခရီးကြာရှည်စွာ လမ်းလျှောက်ခြင်းသည် စိတ်ကျရောဂါလက္ခဏာများ သက်သာပျောက်ကင်းစေနိုင်ကြောင်း လေ့လာတွေ့ရှိထားခြင်းကို အင်တာနက်သတင်းတွင် ဖော်ပြသည်။

လက်ခံကုသသင့်

စိတ်ရောဂါနှင့် စပ်လျဉ်း၍ ယူကေရှိ ထိပ်တန်းကျန်းမာရေးအဖွဲ့တစ်ဖွဲ့က အထက်ပါလေ့လာချက်ကို တွေ့ရှိခဲ့ရာ ၎င်းတို့အနေဖြင့် ပြည်သူများသည် ဆေးဝါးကို မှီခိုအားထားနေရမည့်အစား အခြားလေ့ကျင့်ခန်း ပြုလုပ်သည့် ကုသထုံးများကို လက်ခံကုသသင့်ကြောင်း တိုက်တွန်းထားသည်။

လမ်းလျှောက်ခြင်း၊ စွန့်လွှတ်ခြင်းနှင့် ဥယျာဉ်စိုက်ပျိုးခြင်းတို့သည် အစိမ်းရောင်ကုသမှုတွင် ပါဝင်ကြောင်း၊ ၎င်းအခြင်းအရာများကို ပြုမူဆောင်ရွက်ခြင်းဖြင့် စိတ်ကျန်းမာရေးပြဿနာများကုသမှုကို အသိအမှတ်ပြုလာကြောင်း ယင်းလေ့လာတွေ့ရှိချက်၌ ဖော်ပြသည်။

စိတ်ကျန်းမာမှု အခြေအနေမရှိ

အက်ဆက်တက္ကသိုလ်မှ သုတေသီများသည် အဖွဲ့ဝင် ၂၀ ပါသော အဖွဲ့တစ်ဖွဲ့၏ လမ်းလျှောက်ခြင်းကို လေ့လာခဲ့ကြသည်။ ၎င်းအဖွဲ့ဝင်များသည် မိနစ် ၃၀ ကြာ ကျေးလက်ဒေသ သို့မဟုတ် ရှော့ပင်းစင်တာအတွင်း လမ်းလျှောက်ခဲ့ကြရာ ၇၀ ရာခိုင်နှုန်းက စိတ်ကျခြင်းရောဂါ လျော့နည်းလာသည်ဟု ခံစားမိကြောင်း ပြောကြားသည်။ သို့ရာတွင် ရှော့ပင်းစင်တာအတွင်း လမ်းလျှောက်သူများက စိတ်ကျန်းမာမှုအခြေအနေ တိုးတက်မှုမရှိဟု ဆိုသည်။

ထိုသို့ လေ့ကျင့်ခန်းပြုလုပ်၍ ကုသခြင်းကို ဆေးဝါးနှင့် အစားထိုး မကုသသင့်ကြောင်း စိတ်ကျန်းမာရေး အမှုဆောင်အရာရှိ ပေါလ်ဖားမားက ပြောကြားသည်။ (အင်တာနက်)

မြန်မာ့အလင်း အင်တာနက်ဖောင်ပိတ်သတင်း

ကြက်ငှက်တုပ်ကွေးရောဂါကြောင့်သေဆုံးမှု အင်ဒိုနီးရှား၌ ၇၆ ဦးရှိလာ

ဂျကာတာ မေ ၁၅

အင်ဒိုနီးရှားနိုင်ငံ ဆူမတြားမြောက်ပိုင်း မီဒန်ဆေးရုံ၌ ကိုယ်ဝန်လေးလရှိ အမျိုးသမီးတစ်ဦးသည် ကြက်ငှက်တုပ်ကွေးရောဂါပိုး H_5N_1 တွေ့ရှိပြီး နှစ်ရက်အကြာ သေဆုံးသွားကြောင်း အင်ဒိုနီးရှားကျန်းမာရေး ဝန်ကြီးဌာနက မေ ၁၄ ရက်တွင် အတည်ပြုပြောကြားသည်။

အသက် ၂၆ နှစ်ရှိ အဆိုပါ အမျိုးသမီးသေဆုံးမှုသည် အင်ဒိုနီးရှားနိုင်ငံ၌ ၇၆ ဦးမြောက် ကြက်ငှက်တုပ်ကွေးရောဂါဖြင့် သေဆုံးခြင်းဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံ၌ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားသူ ၉၆ ဦးရှိရာ အဆိုပါ အမျိုးသမီးနှင့် မေ ၃ ရက်က သေဆုံးသွားသော အသက် ၂၉ နှစ်ရှိ အမျိုးသမီးတစ်ဦးတို့ ပါဝင်သည်ဟု ဆိုသည်။

တရုတ်နိုင်ငံ၌ ရထားဥမင်လိုဏ်ခေါင်း ဖောက်လုပ်လျက်ရှိ

ဖူကျိုး မေ ၁၅

တရုတ်နိုင်ငံ အရှေ့တောင်ပိုင်း ဖူကျန်ပြည်နယ်တွင် ၁၀ ကီလိုမီတာ ရှည်သော ရထားဥမင်လိုဏ်ခေါင်းတစ်ခုကို အပြီးသတ် ဖောက်လုပ်လျက်ရှိသည်။ (အောက်ပုံ) **အဆိုပါရထား ဥမင်လိုဏ်ခေါင်းမှာ ၂၀၀၈ ခုနှစ်တွင် စတင်ပြေးဆွဲမည့် ကျည်ဆန်ရထားသစ်အတွက် ဖောက်လုပ်ခြင်းဖြစ်သည်။**

၎င်းရထား ဥမင်လိုဏ်ခေါင်းသည် လုံကျင်းပြည်နယ်ရှိ ကျီမင်းတောင်ကို ဖြတ်သန်း၍ ဥမင်လိုဏ်ခေါင်း ဖောက်လုပ်လျက်ရှိသည်။

ပြောကြား

တရုတ်နိုင်ငံအရှေ့ပိုင်း ကျန်ကျင်းပြည်နယ် ဆိပ်ကမ်းမြို့ဖြစ်သည့် ဝမ်ကျိုနှင့် ဖူကျန်ပြည်နယ်ရှိ ဖူကျိုးမြို့တို့ကို ဆက်သွယ်လျက်ရှိကြောင်း မီးရထားလမ်း ဗျူရိုအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဆောင်ရွက်

ဖူကျန်ပြည်နယ် ဖူကျိုးမြို့မှ ဝမ်ကျိုးမြို့အထိ မီးရထားလမ်းမှာ ကီလိုမီတာ ၃၀၀ ရှည်လျားပြီး လုပ်ငန်းဆောင်ရွက်မှုအခြေအနေမှာ ရာခိုင်နှုန်း ၈၀ ပြီးစီးပြီဖြစ်ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အိန္ဒိယတောင်ပိုင်း အပူလှိုင်း သေဆုံးသူ ၃၆ဦး ရှိခဲ့ဟုဆို

ဟိုက်ဒရာဘတ် မေ ၁၅

အိန္ဒိယနိုင်ငံတောင်ပိုင်း အန်ဒရာပရာဒေ့ရှ်၌ လွန်ခဲ့သော ၂၄နာရီက အပူလှိုင်းကျရောက်ရာ ၃၆ ဦး သေဆုံးသွားကြောင်း၊ သေဆုံးသူ အများစုမှာ သက်ကြီးရွယ်အိုများ ဖြစ်ကြောင်း တာဝန်ရှိသူများက မေ ၁၃ ရက်တွင် ပြောကြားသည်။

အဆိုပါဒေသ၏ ထိုနေ့က နေ့အပူချိန်မှာ ၁၁၁ဖာရင်ဟိုက်ရှိကြောင်း သိရသည်။ ယင်းအပူလှိုင်းကြောင့် လွန်ခဲ့သော ၁၀ရက်က ကျွဲ၊ နွား၊ တိရစ္ဆာန်နှင့် သိုးများသေဆုံးမှုမှာ အကောင်ရေ ၃၀၀၀ နီးပါးရှိသည်ဟု ဆိုသည်။ **အမ်အင်န်အေ၊ရိုက်တာ**

အမေရိကန် လေယာဉ်ပျက်ကျ လိုက်ပါသူ ငါးဦး သေဆုံး

လော့စ်အိန်ဂျလိစ် မေ ၁၅

အမေရိကန်နိုင်ငံ မွန်တာနာ ပြည်နယ်အနောက်မြောက်ပိုင်းတွင် မေ ၁၂ ရက် နံနက်ပိုင်းက လေယာဉ်တစ်စင်း ပျက်ကျပြီးနောက် လေယာဉ်မှူးနှင့် လေဟုန်စီးသူလေးဦး သေဆုံးသွားသည်။

လေဟုန်စီးသူ လေးဦးကို တင်ဆောင်သည့် ဆက်စနာ– ၁၈၂ လေယာဉ်သည် မြေပြင်မှတက်ပြီး မကြာမီမှာပင် ပျက်ကျ၍ မီးလောင်ပေါက်ကွဲသွားသည့်အတွက် လိုက်ပါသူအားလုံး သေဆုံးသွားရခြင်းဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ရုရှားကဖေးဆိုင်၌ ပေါက်ကွဲမှုဖြစ်ပွား၊ ၁၀ ဦးသေဆုံး

မော်စကို မေ ၁၅

ရုရှားနိုင်ငံ ယူရယ်လ်တောင်တန်း၏ တောင်ဘက်စွန်းရှိ အော့စ်မြို့ ကဖေးဆိုင်တစ်ဆိုင်အတွင်း မေ ၁၃ ရက်က ပေါက်ကွဲမှုတစ်ရပ် ဖြစ်ပွားသဖြင့် အနည်းဆုံး ၁၀ ဦးသေဆုံးကြောင်း ရုရှားနိုင်ငံ အင်တာဖက် သတင်းဌာနက ကြေညာသည်။

ထိုဆိုင်မှာ အော့စ်မြို့ဈေးပိုင်းတွင် တည်ရှိပြီး ပေါက်ကွဲမှုကြောင့် လုံးဝပျက်စီးသွားကြောင်း၊ ထို့နောက် မီးလောင်သဖြင့် စတုရန်းမီတာ ၁၅၀ ကျော်အထိ ကူးစက်လောင်ကျွမ်းသွားကြောင်း အရေးပေါ်ဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အနည်းဆုံး ၁၀ ဦး၏ အလောင်းများကို ပြန်တွေ့သော်လည်း ပေါက်ကွဲမှုဖြစ်ပွားစဉ်က ဆိုင်ထဲတွင် လူမည်မျှရှိခဲ့သည်ကို အတိအကျမသိရသေးကြောင်း ဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူ ဗစ်တာဘဲဆော့ဗ်က ပြောကြားသည်။ **အမ်အင်န်အေ၊ရိုက်တာ**

ဆားဘီးယားရှိ ရုရှားဘဏ်ခွဲ ဓားပြတိုက်မှုဖြစ်ပွား ဓားပြများ ဒေါ်လာတစ်သန်းခွဲ ယူဆောင်သွားခဲ့

မော်စကို မေ ၁၅

ဆားဘီးယား အရှေ့ပိုင်းချီတာမြို့၌ မေ ၁၂ရက်က ရုရှားနိုင်ငံ၏ အကြီးဆုံး ဘဏ်ခွဲဖြစ်သည့် ဆဘာဘဏ်ကို ဓားပြများက အစောင့်နှစ်ဦးကို သတ်ပြီး ရူဘယ်လ်(အမေရိကန် ဒေါ်လာ ၁ဒသမ၅သန်း)ကို ယူဆောင်သွားကြောင်း ဒေသဆိုင်ရာ သတင်းအေဂျင်စီများက ဖော်ပြသည်။

အဆိုပါ ဓားပြဂိုဏ်းသည် သေဆုံးသွားသည့် အစောင့်တစ်ဦးပိုင်သော ကားဖြင့် ထွက်ပြေးသွားကြောင်း၊ အလုပ်သမားများ ထိုနေ့က အလုပ်ဆင်းရန် လာရောက်ချိန်တွင် ၎င်းအစောင့်နှစ်ဦး၏ အလောင်းကို တွေ့ရကြောင်း သတင်းစာများက ရေးသားကြသည်။ အမ်အင်န်အေ၊ရိုက်တာ

ဗီယက်နမ်၌ ကြက်ငှက်တုပ်ကွေး ဖြစ်ပွားလျက်ရှိ

ဟန္နွိုင်း မေ ၁၅

ဗီယက်နမ်နိုင်ငံ အလယ်ပိုင်း နအန်ပြည်နယ်၌ မေလအစောပိုင်းကာလက ကြက်၊ ငှက်များတွင် ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားလျက်ရှိကြောင်း ဒေသဆိုင်ရာ တိရစ္ဆာန်ရောဂါ ရှာဖွေကုသရေးရုံးက မေ ၁၃ ရက်တွင် ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

သေကျေခဲ့ရ

နအန်ပြည်နယ် ဟန်နယန် ဒေသတို့တွင် ဘဲကောင်ရေပေါင်း ၃၈၀၀ ရှိရာ မေလ ၉ ရက်အထိ ကောင်ရေ ၁၃၀၀ သေကျေခဲ့ရကြောင်း စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာနလက်အောက်ရှိ တိရစ္ဆာန်ကျန်းမာရေးဌာနက ဖော်ပြသည်။

ဆုံးရှုံးခဲ့ရ

နအန်ပြည်နယ် ဒင်ချွမ်ဒေသ၌ ဘဲကောင်ရေပေါင်း ၆၁၀ မွေးမြူလျက်ရှိရာ မေ ၁ ရက်မှ ၄ ရက်ထိ ကြက်ငှက်တုပ်ကွေးရောဂါပိုး ကျရောက်သဖြင့် ၂၄၆ ကောင် ဆုံးရှုံးခဲ့ရသည်။

စတင်ဖြစ်ပွား

ဗီယက်နမ်နိုင်ငံ၌ ကြက်ငှက်တုပ်ကွေးရောဂါပိုးသည် ၂၀၀၃ ခုနှစ် ဒီဇင်ဘာမှ စတင်ဖြစ်ပွားခဲ့ရာ ယခုအချိန်၌ နအန်ပြည်နယ်တွင် အဆိုပါရောဂါ ဖြစ်ပွားလျက်ရှိသည်။

ကာကွယ်တားဆီး

ယခုနှစ်တွင် ယင်းရောဂါပိုးများ ကာကွယ်တားဆီးရေးအနေဖြင့် မြို့နယ်ပေါင်း ၆၀ ရှိ ကြက်၊ ဘဲကောင်ရေ သန်း ၁၁၀ ကို ကာကွယ်ဆေးများ ထိုးကာ ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ငါးဖမ်းလုပ်ငန်း

မလေးရှားနိုင်ငံ ပီနန်မြို့ ကမ်းခြေရွာတစ်ရွာရှိ တံငါ ငါးဖမ်းလုပ်ငန်းခွင် တစ်နေရာကို မေ ၁၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အီရတ်မြောက်ပိုင်း အသေခံကား ဗုံးခွဲမှု လူ ၃၀ သေဆုံးပြီး ၆၀ ဒဏ်ရာရ

ဘဂ္ဂဒက် မေ ၁၅

အီရတ်နိုင်ငံ မြောက်ပိုင်းမာမူအာမြို့ရှိ ကာဒ့်ပါတီဌာနချုပ်ကို အသေခံကားဗုံးခွဲသူတစ်ဦးက မေ ၁၃ ရက်တွင် ဗုံးခွဲတိုက်ခိုက်ရာ အနည်းဆုံးလူ ၃၀ သေဆုံးပြီး ၆၀ ဒဏ်ရာရသွားကြောင်း ဒေသခံရဲတပ်ဖွဲ့ သတင်းရပ်ကွက်က ပြောကြားသည်။

မာမူအာမြို့ ကာဒစ္စတန် ဒီမိုကရက်တစ်ပါတီ ဌာနချုပ်တွင် ထိုနေ့က အစည်းအဝေးကျင်းပခိုက် အသေခံဗုံးခွဲသူတစ်ဦးက ဖောက်ခွဲရေးပစ္စည်းများ တင်ဆောင်ထားသည့်ကားဖြင့် မောင်းနှင်တိုက်ခိုက်ခြင်းဖြစ်ကြောင်း၊ အနည်းဆုံး လူ ၃၀သေဆုံးပြီး မြို့တော်ဝန် အပါအဝင် လူ ၆၀ ဒဏ်ရာရသွားကြောင်း ရဲတပ်ဖွဲ့ သတင်းရပ်ကွက်က ဆင်ဟွာသို့ ပြောကြားသည်။

ယင်းသို့ ကားဗုံးခွဲ တိုက်ခိုက်မှုကြောင့် မိုဆူးမြို့ အရှေ့တောင်ဘက် ကီလိုမီတာ ၁၀၀ခန့် အကွာရှိ မာမူအာမြို့မှ ပါတီဌာနချုပ်အဆောက်အအုံနှင့် အတူ အနီးအနားရှိ အစိုးရအဆောက်အအုံများ၊ ရဲစခန်းအဆောက်အအုံများ ပျက်စီးသွားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အီရတ်နိုင်ငံမြောက်ပိုင်း မာမူအာမြို့၌ အသေခံကားဗုံးခွဲတိုက်ခိုက်ပြီးနောက် အပျက်အစီးများကို မေ ၁၄ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ကွာလာလမ်ပူနှင့် ဗီယင်ကျန်း တိုက်ရိုက် လေကြောင်း ပြေးဆွဲမည်

ကွာလာလမ်ပူ မေ ၁၅

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့နှင့်လာအိုနိုင်ငံ ဗီယင်ကျန်းမြို့တို့အကြား လေကြောင်းလိုင်း တိုက်ရိုက်ပျံသန်းပြေးဆွဲမှုကို ဆယ်စုနှစ်တစ်စု နီးပါးကြာပြီးနောက် ဇူလိုင်လတွင် ပြန်လည်စတင်တော့မည် ဖြစ်ကြောင်း ဒေသဆိုင်ရာ မီဒီယာက မေ ၁၃ ရက်တွင် ဖော်ပြသည်။

ပြောကြား

မလေးရှားလေကြောင်းပိုင် အဲအာရှသည် နှစ်နိုင်ငံမြို့ကြီးများအကြား ယင်းလေကြောင်း ပျံသန်းမှုကို ဝန်ဆောင်မှုပေးမည်ဖြစ်ကြောင်း မလေးရှားနိုင်ငံခြားရေးဝန်ကြီး ဆေယက်ပူဟာမစ်အယ်ဘာက သတင်းထောက်များအား ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံ၏ အကြီးဆုံးနက္ခတ်တာရာမှန်ပြောင်း စတင်အသုံးပြု ကြယ်တာရာများနှင့် ဂလက်ဆီများ လေ့လာကြည့်ရှုနိုင်



လီဂျီယန် (ယူနန်) မေ ၁၅

တရုတ်နိုင်ငံအနောက်တောင်ပိုင်း မြို့ကြီးတစ်မြို့ရှိ တရုတ်နိုင်ငံ၏ အကြီးဆုံးနက္ခတ်တာရာမှန်ပြောင်းကြီးကို မေ ၁၂ ရက်က စတင်အသုံးပြုခဲ့ပြီးဖြစ်ကြောင်း (ယာပုံ) **တရုတ်သိပ္ပံပညာအကယ်ဒမီ(စီအေအက်စ်)မှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ထုတ်ဖော်ပြောကြားခဲ့သည်။**

အချင်း ၂ ဒသမ ၄ မီတာ၊ အရှည် ၈ မီတာနှင့် အလေးချိန်တန် ၄၀ ရှိသည့် အဆိုပါ အဝေးကြည့်မှန်ပြောင်းကြီးသည် တရုတ်နိုင်ငံနှင့် အရှေ့အာရှတွင် အကြီးဆုံးဖြစ်ကြောင်း၊ ၎င်းကို ကြယ်တာရာ ရူပဗေဒနှင့် နဂါးငွေ့တန်း လေ့လာရေး သုတေသနလုပ်ငန်းများ၌ အသုံးပြုမည်ဖြစ်ကြောင်း ယင်းပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

ထားရှိ

ယင်းနိုင်ငံအနောက်တောင်ပိုင်း ယူနန်ပြည်နယ် လီဂျီယန်မြို့ရှိ အသစ်ဆောက် လုပ်ထားသော မိုးလေဝသနှင့် နက္ခတ်တာရာ အဆောက်အအုံတွင် အဆိုပါမှန်ပြောင်းကိုထားရှိသည်ဆိုသည်။

လီဂျီယန်မြို့သည် ပင်လယ်ရေမျက်နှာအထက် မီတာ၃၂၅၀ တွင်ရှိပြီး တစ်နှစ်ပတ်လုံး ဂုဏ်ယူဖွယ်ရာ စံပြမိုးလေဝသအခြေအနေ ရှိသောကြောင့် ၎င်းတို့အနေဖြင့် မှန်ပြောင်းကို နေရာချထားရန် လီဂျီယန်မိုးလေဝသနှင့် နက္ခတ်တာရာ အဆောက်အအုံကို ရွေးချယ်ခဲ့ကြောင်း ယင်းပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ဖွင့်လှစ်ပေးမည်

ယခုနှစ်အကုန်တွင် စမ်းသပ်လုပ်ဆောင်မှုများ ပြီးဆုံးပါက ယင်းမှန်ပြောင်းကို ပြည်တွင်းနှင့် ပြည်ပမှ နက္ခတ်ပညာရှင်များအတွက် ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

မလေးရှား စားအုန်းဆီပြည်ပတင်ပို့မှု ယခုနှစ် ဧပြီလအတွင်း ပိုမိုမြင့်တက်

ကွာလာလမ်ပူ မေ ၁၅

မလေးရှားနိုင်ငံမှ ယခုနှစ် ပထမလေးလအတွင်း စားအုန်းဆီပြည်ပတင်ပို့မှုမှာ တန်ချိန် ၁ ဒသမ ၁၂ သန်းတင်ပို့နိုင်ခဲ့ရာ ယခင်လကထက် ၅ ဒသမ ၉ ရာခိုင်နှုန်း တိုးမြှင့်ခဲ့ကြောင်း မလေးရှားနိုင်ငံ စာအုန်းဆီပြည်ပတင်ပို့မှုလုပ်ငန်းက မေ ၁၂ ရက်တွင် ပြောကြားခဲ့သည်။

တိုးမြှင့်

ယခုနှစ်မတ်လတွင် စားအုန်းဆီတန်ချိန် ၆၉၀၇၇ တန် တင်ပို့နိုင်ခဲ့ရာ ဧပြီလအတွင်း၌ စားအုန်းဆီတန်ချိန် ၁၀၆၇၄၃တန် ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်ခဲ့သဖြင့် ထုတ်လုပ်တင်ပို့မှု ၅၄ ဒသမ ၅၃ ရာခိုင်နှုန်း တိုးမြှင့်ခဲ့သည်။

ပိုမိုထုတ်လုပ်

စားအုန်းဆီထုတ်လုပ်ရာ မလေးရှားနိုင်ငံ ကျွန်းဆွယ်ဒေသများ၌ ယခုနှစ် ဧပြီလအတွင်း ၆၀၉၇၉၃ တန် ထွက်ရှိရာ မတ်လပိုင်းကထက် ၁ ဒသမ ၈၃ ရာခိုင်နှုန်း ပိုမိုထုတ်လုပ်နိုင်ခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဂျီ-၈ ရာသီဥတုပြောင်းလဲမှု ထိန်းချုပ်ရေးမူကြမ်း အမေရိကန် ပြောင်းလဲရန်ကြိုးပမ်းနေ

လန်ဒန် မေ ၁၅

ရှေ့လတွင်ကျင်းပမည့် ကမ္ဘာ့စက်မှုထိပ်သီးရှစ်နိုင်ငံ(ဂျီ-၈)ထိပ်သီး အစည်းအဝေးအတွက် ပြင်ဆင်ထားသည့် ရာသီဥတု ပြောင်းလဲမှုထိန်းချုပ်ရေး သဘောတူညီချက်မူကြမ်းမှ အချို့အပိုဒ်များကိုပယ်ဖျက်ရန် အမေရိကန်နိုင်ငံက ကြိုးပမ်းလျက်ရှိကြောင်း ရရှိသောစာရွက်စာတမ်း အထောက်အထားများအရ သိရသည်။

ကန့်ကွက်

တစ်ကမ္ဘာလုံး၏ အပူချိန်ကို ဤရာစုနှစ်အတွင်း ၂ ဒီဂရီစင်တီဂရိတ်ထက် ပိုမတိုးရေး၊ ၂၀၅၀ပြည့်နှစ် အရောက်တွင် လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ထုတ်လွှတ်မှု ထက်ဝက်လျှော့ချရေးဟူသော သဘောတူညီချက် မူကြမ်းပါ အချက်များကို အမေရိကန်အစိုးရက ကန့်ကွက်သည်။

ရေးဆွဲထား

ရာသီဥတုပြောင်းလဲမှုကိစ္စမှာ မကိုင်တွယ်၍မဖြစ်သည့်အရေးဖြစ်ကြောင်း သဘောတူညီချက်မူကြမ်းတွင် တိုက်တွန်းဖော်ပြထားသည်။ မူကြမ်းကို စက်မှုထိပ်သီးရှစ်နိုင်ငံ(ဂျီ-၈)ဥက္ကဋ္ဌ ဂျာမနီနိုင်ငံက ရေးဆွဲထားခြင်းဖြစ်သည်။

ထိပ်တန်းဦးစားပေး

ရာသီဥတုပြောင်းလဲမှုကိစ္စကို ထိန်းချုပ်ရေးမှာ ဤအဖွဲ့၏ ထိပ်တန်းဦးစားပေးလုပ်ငန်းဖြစ်ကြောင်း ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမားကဲက ကြေညာသည်။ မူကြမ်းကို ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲအပါအဝင် အခြားခေါင်းဆောင်များက ထောက်ခံသည်ဆိုသည်။

(အင်တာနက်)

ကမ္ဘာ့အကြီးဆုံး ဒိန်ခဲ

ကမ္ဘာပေါ်တွင် အကြီးဆုံးဒိန်ခဲတုံးကို ပြသနေစဉ်။ (ဝဲပုံ)

ဗြိတိန်နိုင်ငံ လန်ဒန်မြို့ဥယျာဉ်တစ်ခုအတွင်း ခင်းကျင်းပြသထားသော ဒိန်ခဲတုံးကြီးတစ်တုံးမှာ အချင်းခြောက်စင်တီမီတာနှင့် အမြင့် လေးမီတာရှိရာ ကမ္ဘာပေါ်တွင် အကြီးဆုံးဒိန်ခဲတစ်ခုဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

အာဖဂန်နစ္စတန်အရှေ့ပိုင်း၌ တိုက်ပွဲဖြစ်ပွား တာလီဘန် ၅၅ဦးသေဆုံး

ကဘူးလ် မေ ၁၅

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း ပါတီကာပြည်နယ်အတွင်း တိုက်ပွဲနှစ်ပွဲဖြစ်ပွားစဉ် အာဖဂန်နစ္စတန်တပ်ဖွဲ့ဝင်များနှင့် နိုင်ငံတကာတပ်ဖွဲ့ဝင်များက တာလီဘန် ၅၅ဦးကို သုတ်သင်လိုက်ကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူး အာခမ်ခါပါဝါက မေ ၁၃ ရက်တွင် ပြောကြားသည်။

ထည့်သွင်းပြောကြား

ဘာမားခရိုင်ရှိ အာဖဂန်နစ္စတန်နယ်ခြားစောင့်တပ်များကို စစ်သွေးကြွတချို့က မေ ၁၂ ရက်တွင် တိုက်ခိုက်ကြောင်း၊ အာဖဂန်နစ္စတန်နှင့် နိုင်ငံတကာ တပ်ဖွဲ့ဝင်များက မြေပြင်နှင့်လေကြောင်းမှ တုံ့ပြန်တိုက်ခိုက်သဖြင့် သူပုန် ၁၅ ဦး သေဆုံးကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူးက ထည့်သွင်းပြောကြားလိုက်သည်။

မေ ၁၂ ရက်ကလည်း ဂီလန်ခရိုင်ရှိ အာဖဂန်နစ္စတန် တပ်ဖွဲ့ဝင်များကို တာလီဘန်တို့က တိုက်ခိုက်သည်ကို အာဖဂန်နစ္စတန် တပ်ဖွဲ့ဝင်များနှင့် နိုင်ငံတကာတပ်ဖွဲ့ဝင်များက တုံ့ပြန်တိုက်ခိုက်သည့်အတွက် သူပုန် ၄၀ သေဆုံးကြောင်း ၎င်းကပြောကြားသည်။

ဒဏ်ရာရရှိ

အဆိုပါဖြစ်စဉ် နှစ်ရပ်အတွင်းတွင် အာဖဂန်နစ္စတန်တပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိသွားသည်ဆိုသည်။

ဖော်ပြထား

တာလီဘန်နှင့် ဆက်နွှယ်သည့် ပုန်ကန်မှု၊ အထူးသဖြင့် တာလီဘန်စစ်သွေးကြွများ ပိုမိုလှုပ်ရှားလာသည့်အတွက် အာဖဂန်နစ္စတန်နိုင်ငံ၌ ယခုနှစ်အတွင်းတွင် သေဆုံးသူ ၁၃၀၀ ကျော် ရှိကြောင်း ဆင်ဟွာက ဖော်ပြထားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကြက်လေးများကို စောင့်ရှောက်ပေးနေသော ကြောင်မကြီး

ကြက်ပေါက်လေးများကို သားသမီးများသဖွယ် ထိန်းသိမ်းစောင့်ရှောက်ပေးနေသော ကြောင်မကြီးတစ်ကောင်အား တွေ့ရစဉ်။ (ယာပုံ)

ဂျော်ဒန်နိုင်ငံ အမ္မာန်မြို့တွင် နမ်ရာအမည်ရှိ တစ်နှစ်သားအရွယ် ကြောင်မကြီးတစ်ကောင်က လွန်ခဲ့သည့် တစ်လက မိခင်သေဆုံးသွားသော ကြက်ပေါက်ကလေးခုနစ်ကောင်ကို သားသမီးများသဖွယ် ရင်အုပ်မကွာ ပြုစုစောင့်ရှောက်လျက်ရှိကြောင်း သိရသည်။

(အင်တာနက်)

ရေးမြို့နယ် အစင်စံပြကျေးရွာ အမည်နှင့်လိုက်အောင် သန့်ရှင်းစင်ကြယ် ကျေးရွာပြည်သူအများစု ရေလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြ

ပြည်သူများ ဗဟုသုတတိုးပွားစေရေး အစဉ်စာကြည့်တိုက်ဖွင့်လှစ်ပေး

ရန်ကုန် မေ ၁၅

မြန်မာနိုင်ငံသည် ရေသယံဇာတ၊ မြေသယံဇာတ ပေါများကြွယ်ဝသောနိုင်ငံဖြစ်သည်။ ရေနှင့်နီးစပ်သည့် အရပ်ဒေသတွင် နေထိုင်ကြသူများ ဖြစ်သည့် အားလျော်စွာ ရေလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းကို ပြုကြရသည်။

သံလွင်အေး အအေးခန်းစက်ရုံနှင့် ပတ်သက်၍ မန်နေဂျာ ဦးကျော်မောင်က ဤသို့ ရှင်းပြခဲ့သည်။ ဓာတ်ပုံတင်စိုး (မြန်/လင်း)

အစင်စံပြကျေးရွာ

One Village One Product

“ကျေးရွာတစ်ရွာ၊ ကုန်ထုတ်လုပ်ငန်းတစ်ခု၊ နိုင်ငံအကျိုးပြု” လုပ်ငန်းစီမံချက်နှင့် လိုက်လျောညီထွေ ဖြစ်နေသော မွန်ပြည်နယ် ရေးမြို့နယ်ရှိ ‘‘**အစင်**’’စံပြကျေးရွာသို့ မတ် ၉ ရက် ညနေ ၆း၃၀နာရီက ခြေချခဲ့သည်။

“အစင်” သည် အမည်ကလေး ကဆန်းသည်။ အမည်က ဆန်းသလို မြင်တွေ့ခဲ့ရသည့် မြင်ကွင်းများကလည်း အံ့သြလောက်ပေသည်။ ‘‘**အစင်**’’သည် စံပြကျေးရွာဖြစ်၍နေပေသည်။

ကျေးရွာတစ်ရွာ၊ ကုန်ထုတ်လုပ်ငန်းတစ်ခု နိုင်ငံအကျိုးပြု

‘‘**အစင်**’’စံပြကျေးရွာဟူသည်–

- **လူဦးရေ၊ အိမ်ခြေ၊ အိမ်ထောင်စု**
- **ယင်လုံအိမ်သာထားရှိမှု**
- **ရေကောင်းရေသန့်ထားရှိမှု**
- **အမှိုက်များ စနစ်တကျ စွန့်ပစ်ရန် နေရာရှိခြင်း**
- **ရွာလမ်းများ စနစ်တကျဖောက်ထားခြင်း**
- **အိမ်ရာမြေကွက်များ စနစ်တကျထားရှိခြင်း**
- **လမ်းမီးများ စီတန်းထားရှိခြင်း**
- **ဈေးနေရာ သီးသန့်ရှိခြင်း**
- **အရိပ်ရ လေကာပင်များစိုက်ပျိုးထားရှိခြင်း**
- **သုသာန်စနစ်တကျရှိခြင်း**
- **ကျန်းမာရေး၊ ပညာပေး၊ ကာကွယ်ဆေးထိုးလုပ်ငန်းများ စဉ်ဆက်မပြတ်ရှိခြင်း**
- **မိသားစုဝင်ငွေတိုးရန် အိမ်တွင်းမှုသင်တန်း ဖွင့်လှစ်ထားရှိခြင်း**
- **ကလေးသူငယ် ဘက်စုံ ဖွံ့ဖြိုးရေး၊ မူလတန်းကြိုကျောင်း ဖွင့်လှစ်ထားရှိခြင်း**
- **စာကြည့်တိုက် ရပ်ရွာပညာပဒေသာဌာန၊ အသုံးလုံး စာဖတ်ဝိုင်း ထားရှိခြင်း**
- **ရျို့တဲ့ကလေးများ ပညာသင်ထောက်ပံ့ခြင်း**
- **ကျန်းမာရေးဆေးခန်း ဖွင့်လှစ်ထားခြင်း**
- **ငါးနှစ်အောက် အာဟာရချို့တဲ့ကလေးများ အာဟာရကျွေးမွေးခြင်း**
- **ဆယ်အိမ်တစ်အိမ် အဖွဲ့ခေါင်းဆောင်ထားရှိခြင်း**
- **လူငယ်လူရွယ်များ ဖွဲ့စည်းလှုပ်ရှားဆောင်ရွက်ခြင်း**
- **ဗုဒ္ဓဘာသာအသင်း၊ ယဉ်ကျေးမှုအသင်းများ ဖွဲ့စည်းထားရှိခြင်း**
- **သက်ကြီးရွယ်အို စောင့်ရှောက်မှုလုပ်ငန်းရှိခြင်း**

အစရှိသည့် အင်္ဂါရပ်များနှင့်ပြည့်စုံသောကြောင့် စံပြကျေးရွာအဖြစ် သတ်မှတ်ရခြင်းဖြစ်သည်။

ရေလုပ်ငန်းနှင့်အသက်မွေး

‘‘**အစင်**’’ စံပြကျေးရွာသည် ကမ်းနဖူးတွင်မေးတင်ပြီး တည်ရှိသဖြင့် ရေလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းပြုသူများသည်။

မြတ်သူရအအေးခန်း

ထို့ကြောင့် မြန်မာ့အလင်းသတင်းအဖွဲ့က အအေးခန်းစက်ရုံများရှိရာသို့ သွားရောက်ပြီး ကွင်းဆင်း မေးမြန်းခဲ့ပါသည်။ ထို သို့ မေးမြန်းရာတွင်

ရေးမြို့နယ် အစင်စံပြကျေးရွာ အစဉ်စာကြည့်တိုက်ကို ဤသို့ သပ်ရပ်လှပစွာ တည်ဆောက်ထားသည်။

ကွင်းဆင်းလေ့လာရေးသားသူ နုနုရီ-တင်တင်ဝင်း
ဓာတ်ပုံမှတ်တမ်းတင်-တင်စိုး(မြန်မာ့အလင်း)

တစ်လလျှင် အနည်းဆုံးငါးခေါက် နယ်စပ်သို့တင်ပို့နိုင်ပါတယ်။ ဦးထွန်းမြင့် (မန်နေဂျာ)၊ မြတ်သူရအအေးခန်း

မြတ်သူရ အအေးခန်းမန်နေဂျာ ဦးထွန်းမြင့်က **“မိမိတို့ အအေးခန်းစက်ရုံအနေဖြင့် ငါးတံခွန်၊ ငါးရွှေ၊ ငါးသင်းဝါ၊ ငါးခွေးလျှာနှင့် ပုစွန်တို့ကို ပြုပြင်အေးခဲပြီး ထုပ်ပိုးရကြောင်း၊ ထိုသို့ ထုပ်ပိုးရာတွင် အရွယ်အစားတူ ငါးတစ်ထုပ်လျှင် ကီလို ၂၀ နှင့် ပုစွန်တစ်ထုပ်လျှင် ၁၀ ဒသမ ၈ ကီလိုထုပ်ပိုးရကြောင်း၊ ထုပ်ပိုးပြီး ငါးပုစွန်များကို ကားဖြင့်တင်၍ လုပ်ငန်းရှင်ထံသို့ ရောင်းရကြောင်း၊ ကားတစ်စီးလျှင် ၂၄ တန်တင်ပို့နိုင်ပြီး တစ်လလျှင်အနည်းဆုံး ငါးခေါက်နယ်စပ်သို့ တင်ပို့ရကြောင်း”** ပြောကြားသည်။

ငါးများကို အရွယ်အစားလိုက် ဤသို့ချိန်တွယ် ရွေးချယ်ရသည်။

“ဝန်ထမ်းအင်အားအနေနှင့်လခစားဝန်ထမ်း ၁၇ ဦးရှိပြီး နေ့စားဝန်ထမ်း အမျိုးသမီး အမျိုးသား ၈၀ ရှိကြောင်း လုပ်အားခမှာ အမျိုးသမီးအလုပ်သမားအတွက် တစ်နေ့လျှင် ကျပ်ခြောက်ရာမှ ကျပ် ၁၁၀၀ အထိဖြစ်ပြီး၊ အမျိုးသားအလုပ်သမားအတွက် တစ်နေ့လျှင် ကျပ် ၁၁၀၀မှ ကျပ် ၁၅၀၀ အထိ ဖြစ်ကြောင်း ” ပြောကြားသည်။

ဈေးကွက်သို့တင်ပို့ရ

ထိုမှဆက်၍ သံလွင်အေး အအေးခန်းစက်ရုံသို့ သွားရောက်၍ မန်နေဂျာ ဦးကျော်မောင်နှင့် တွေ့ဆုံ မေးမြန်းရာ **“မိမိတို့အအေးခန်းစက်ရုံသည်အကျယ်အဝန်း ၁၉၈ပေ x ပေ ၉၀ ရှိကြောင်း၊ ငါးများကို အစင်၊ ဇီးဖြူသောင်၊ ချောင်းတောင်တို့ရှိ ရေလုပ်သားများက ကြိုတင်ငွေပေးစနစ်ဖြင့် စက်ရုံသို့ အရောက် ပို့ပေးကြောင်း၊ တစ်နေ ကုန်ချိန် (ပျမ်းမျှ)တစ်သောင်း ခန့်ရကြောင်း၊ အသုံးပြုသည့် ငါးများမှာ ငါးမုတ်၊ ငါးသင်းဝါ၊ ငါးရွှေ၊ ငါးတံခွန်နှင့် ငါးခွေးလျှာတို့ ဖြစ်ကြောင်း၊ စက်ရုံသို့ ရောက်ရှိလာသည့် ငါးများကိုရွေးပြီး အုပ်စုလိုက် ချိန်ရကြောင်း၊ ရေဆေးပြီး ငါးများကို ငါးအမျိုးအစားအလိုက် စီစင်သို့တင်ပေးရကြောင်း၊ စံချိန်စံညွှန်းမီ ၁၀ ကီလိုဂရမ် ဘန်းများကို အအေးခန်းသို့ ပို့ရကြောင်း၊ အပူချိန် (၃၂)ဒီဂရီအထိထားရကြောင်း၊ စက်မောင်းချိန် ၈ နာရီမှ ၉ နာရီ အထိ ထားပြီးလျှင် အအေးခဲခန်းကို ဖွင့်ပြီး ပြန်စစ်၊ ပြန်ချိန်ရကြောင်း၊ ထိုသို့ ပြုလုပ်ပြီးလျှင် ထုပ်ပိုး၍ စတိုသို့ပို့ရကြောင်း၊ စတိုတွင် သုံးနာရီခန့်အကြာ ထိန်းထားရကြောင်း၊ ထိုသို့ ပြုလုပ်ပြီးလျှင် ဈေးကွက်သို့ တင်ပို့ရကြောင်း”** ရှင်းလင်းပြောကြားသည်။

“မိမိတို့ အအေးခန်းစက်ရုံအနေဖြင့် ငါးတစ်မျိုးတည်းသာပြုလုပ်ပြီး အကောင်ခဲတစ်ထုပ်လျှင် ကီလိုဂရမ် ၂၀ ရှိကြောင်း၊ တစ်နေ့လျှင် ၁၅ တန် ခဲနိုင်ကြောင်း” အသေးစိတ်ပြောကြားသည်။

ရောင်းအားအများဆုံးငါး

ဝန်ထမ်းအင်အားမှာ ရုံးဝန်ထမ်း ခုနစ်ဦးနှင့် အမျိုးသမီး၊ အမျိုးသား ဝန်ထမ်း ၈၇ ဦးရှိသည်။ လုပ်အားခမှာ အမျိုးသမီး အလုပ်သမားအတွက် တစ်နေ့ကျပ်ခုနစ်ရာ၊ အမျိုးသားအလုပ်သမားအတွက် ကျပ်ကိုးရာ ဖြစ်သည်။ ဈေးကွက်မှာ နယ်စပ်ဒေသဖြစ်ပြီး ရောင်းအားအများဆုံးငါးမှာ ငါးတံခွန်ဖြစ်သည်။

“အစင်” စံပြကျေးရွာတွင် အအေးခန်းစက်ရုံ လေးရုံရှိပါသည်။ ၎င်းတို့မှာ S.Y၊ မြတ်သူရ၊ သံလွင်အေးနှင့် ပန်ဒါတို့ဖြစ်သည်။

အစဉ်စာကြည့်တိုက်

“အစင်”စံပြကျေးရွာနေ ပြည်သူများ အသိဉာဏ်ဗဟုသုတတိုးစေရန်အတွက် **“အစဉ်”**စာကြည့်တိုက်ကို ဖွင့်လှစ်ထားကြောင်း တွေ့ရသည်။ ၎င်းစာကြည့်တိုက်အတွက် လိုအပ်သောစာအုပ်စာစောင်များကို မြန်မာ့အလင်းသတင်းစာတိုက် စာတည်းမှူးကိုယ်စား စာတည်းအဖွဲ့ဝင်များက လှူဒါန်းရာ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မြင့်က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။ အစဉ်စာကြည့်တိုက်ကို ယခုနှစ် မတ် ၁၈ ရက်က ဖွင့်လှစ်ပေးခဲ့သည်။

မိမိတို့ ကျေးရွာဖွံ့ဖြိုးအောင် လုပ်ငန်းရှင်များ စုပေါင်းပြီး လမ်းများကောင်းအောင် ပြုလုပ်ပေးခဲ့သဖြင့် ဝမ်းသာကြောင်း ပြောပြသည်။

ဘက်စုံဖွံ့ဖြိုးတိုးတက်လာမည်

ခြုံ၍ဆိုရလျှင် **“အစင်”**စံပြကျေးရွာသည် နာမည်နှင့်လိုက်အောင် မြင်မြင်သမျှသည် သန့်ရှင်းစင်ကြယ်နေ၍ အစဉ်ထာဝရ ဘက်စုံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ကွင်းဆင်းလေ့လာကာ သတင်းမြင်ကွင်းအဖြစ် ရေးသားရပါသည်။ **“အစင်”**စံပြကျေးရွာမှ မြန်မာ့အလင်း သတင်းအဖွဲ့ ထွက်ခွာလာချိန်မှာ နံနက်စောစောဖြစ်၍ နေရောင်ပင်မမြင်ရသေး။ **နှုတ်ဆက်ခဲ့ပါတယ် “အစင်”.......။ ။**

(မြန်မာ့အလင်း)

ပုစွန်များ သန့်စင်နေသည့် မြင်ကွင်း။

ငါးများကို အစင်၊ ဇီးဖြူသောင်၊ ချောင်းတောင်တို့ရှိ ရေလုပ်သားများက ကြိုတင်ငွေပေးစနစ်ဖြင့် စက်ရုံသို့ အရောက်ပို့ပေး။

ကမ္ဘာတစ်လွှား အားကစား

ပရီမီယာလိဂ်ပွဲစဉ်များ အဆုံးသတ်ပြီးနောက် နည်းပြ အပြောင်းအလဲများ

ရေးသားသူ မြင့်မောင်စိုး

လန်ဒန် မေ ၁၅

ပရီမီယာလိဂ်ဘောလုံးပွဲစဉ်များ ပြီးဆုံးသွားပြီဖြစ်ရာ အောင်မြင်သော နည်းပြများအနေဖြင့် အသင်းကို ဆက်လက်တာဝန်ယူသွားမည် ဖြစ်သော်လည်း တစ်ခုသောအောင်မြင်မှုအတိုင်းအတာအထိ အောင်မြင်မှုမရသော အသင်းများမှ နည်းပြများသည် အသင်းမှနုတ်ထွက်ပြောင်းရွှေ့မှုများ ပြုလုပ်ခဲ့ကြသည်။

ဂျီဝဲလ်

ရှက်ဖီးလ်ကို အနိုင် ကစားပြီး ဝီဂန်ကို နှုတ်ဆက်သွားသော နည်းပြ ဂျီဝဲလ်။
(ဓာတ်ပုံ-အင်တာနက်)

ဘော်လ်တန်နည်းပြ အလာဒိုက်သည် မကြာမီက နုတ်ထွက်ခဲ့ပြီး နယူးကာဆယ်အသင်းနှင့် ဆက်သွယ်၍ နည်းပြရာထူးအတွက် ဆွေးနွေးလျက်ရှိသည်။ ယင်းနည်းပြရာထူးကို အင်္ဂလန်အသင်း နည်းပြဟောင်း အဲရစ်ဆင်ကလည်း စိတ်ဝင်စားနေသည်ဟု ဆိုသည်။

ပြောင်းရွှေ့လာသူ

ဝီဂန်အသင်းနည်းပြ ပေါလ်ဂျီဝဲလ်သည်တနင်္ဂနွေနေ့က ရှက်ဖီးလ်အသင်းနှင့် ကစားအပြီး တန်းဆင်းဇုန်မှ ကာကွယ်ပြီးနောက် ၂၄နာရီမတိုင်မီ ဝီဂန်နည်းပြအဖြစ်မှ နုတ်ထွက်သွားခဲ့သည်။ အသက် ၄၂ နှစ်ရှိ ဂျီဝဲလ်သည် ၂၀၀၁ခုနှစ် ဇွန်လက ရှက်ဖီးလ်အသင်းမှ ဝီဂန်အသင်းသို့ ပြောင်းရွှေ့လာသူဖြစ်သည်။

ဝီဂန်အသင်းမှ နည်းပြ ဂျီဝဲလ် နုတ်ထွက်သွားပြီးမကြာမီ ဝီဂန်အသင်း ဥက္ကဋ္ဌ ဒေ့ဗ်ဝီလန်းက ခရစ်ဟွတ်ချင်းစ်အား ဝီဂန်အသင်းနည်းပြသစ်အဖြစ် ခန့်အပ်လိုက်သည်။

ဟွတ်ချင်းစ်သည် ဂျီဝဲလ်၏ လက်ထောက်နည်းပြဖြစ်သည်။ ၎င်းသည် ဂျီဝဲလ်ကဲ့သို့ အောင်မြင်သူဖြစ်လာလိမ့်မည်ဖြစ်ကြောင်း ဝီဂန်အသင်း ဥက္ကဋ္ဌက ပြောကြားသည်။

၎င်းသည်ပရီမီယာလိဂ်တွင်အတော်ဆုံးနည်းပြများထဲမှ တစ်ဦးဖြစ်ကြောင်း၊

ပီယာ့စ်

မန်စီးတီးကို နှစ်နှစ်ကြာ တာဝန် ယူခဲ့သော နည်းပြ ပီယာ့စ်။
(ဓာတ်ပုံ-အင်တာနက်)

ပရီမီယာလိဂ်တွင်အတွေ့အကြုံဗဟုသုတကြွယ်ဝသူလည်းဖြစ်ကြောင်း ဝီဂန်အသင်း ဥက္ကဋ္ဌက ဆက်လက်ပြောကြားသည်။

အတိအကျမပြောနိုင်

ဂျီဝဲလ်ကဲ့သို့ မန်စီးတီး အသင်းနည်းပြစတုအတ်ပီယာ့စ်သည်အသင်းကို နှစ်နှစ်ကြာတာဝန်ယူခဲ့ပြီးနောက် အသင်းမှ နုတ်ထွက်သွားခဲ့ပြီဖြစ်သည်။

၎င်းသည်အင်္ဂလန်အသင်းခေါင်းဆောင်ဟောင်းလည်း ဖြစ်သည်။

ကြိုးစားခဲ့ရ

ပီယာ့စ်သည် ကီဗင်ကီးဂန်းထံမှ မန်စီးတီးနည်းပြတာဝန်ကို လွှဲပြောင်းရယူခဲ့ခြင်းဖြစ်သည်။ မန်စီးတီးအသင်းသည် ယခုနှစ်ပရီမီယာလိဂ်တွင်ရန်းကန်ကြိုးစားခဲ့ရသော်လည်း အမှတ်ပေးဇယားနံပါတ် ၁၄ ၌သာ ရောက်ရှိခဲ့သည်။

မန်စီးတီး အသင်းသည် ယခုနှစ် ပရီမီယာလိဂ်တွင် အိမ်ကွင်း၌ ၁၀ဂိုးသာ သွင်းယူနိုင်ခဲ့ပြီး အသင်းသမိုင်းတွင် အဆိုးရွားဆုံးရလဒ်ဟု ဆိုသည်။

အတိအကျမပြောနိုင်

ယခုနှစ်ပရီမီယာလိဂ်တွင် အောင်ပွဲခံခဲ့သော မန်ချက်စတာယူနိုက်တက်အသင်း၏ အောင်မြင်မှုကြောင့် နည်းပြ ဖာဂူဆန်သည် မန်ယူ၌ အနည်းဆုံး နောက်ထပ်နှစ်နှစ် ဆက်လက်တာဝန်ယူမည် ဖြစ်ကြောင်းသိရသည်။ သို့သော်လည်း ချယ်လ်ဆီးအသင်း နည်းပြ မော်ရင်ဟိုသည် အက်ဖ်အေဖလား ဗိုလ်လုပွဲကစားရန် မပြီးသေးသဖြင့် နုတ်ထွက်မည်၊ မနုတ်ထွက်မည်ကို အတိအကျ မပြောနိုင်သေးပေ။

သို့ရာတွင် အာဆင်နယ်နည်းပြ ဝင်းဂါးနှင့် လီဗာပူးနည်းပြဘင်နီတက်ဇ်တို့သည် ယင်းတို့၏ အသင်းများကို ဆက်လက် တာဝန်ယူလိမ့်မည်ဖြစ်သည်။

(အင်တာနက်)

အင်တာနက် အားကစားသတင်း အတိုအထွာ

- ချာလ်တန်အသင်းမှ တိုက်စစ်မှူးဟက်ဆယ်ဘိန့်သည် ပြီးခဲ့သောနွေရာသီက မစ်ဒယ်ဘရော့မှ အလွတ်ပြောင်းရွှေ့ခဲ့ပြီးနောက် တစ်နှစ်တာ ကစားအပြီး ချာလ်တန်အသင်းမှ ထွက်ခွာသွားပြီဖြစ်ကြောင်း ၎င်းကလပ်က ပြောကြားသည်။

- **မိုက်ကယ်အိုဝင်သည် လာမည့်ရာသီတွင် နယူးကာဆယ် ကစားသမား အဖြစ် ဆက်လက်ရှိနေလိမ့်မည် ဖြစ်ကြောင်း ကစားဖော်ဟောင်း အလန်ရှီးယားက ပြောကြားသည်။**

- အန်ဒါလက်ချ်အသင်းသည် မေ၁၃ရက်က ဘရုပ်ဆဲလ်အသင်းကိုခြောက်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး (၂၉)ကြိမ်မြောက် ဘယ်လ်ဂျီယံဖလား ဆွတ်ခူးနိုင်ခဲ့သည်။

- **မန်ယူကွင်းလယ်ကစားသမား ရိုင်ယန်ဂစ်သည် မန်ယူတွင် အနည်းဆုံးနောက်ထပ်နှစ်နှစ်ကစားလိမ့်မည် ဖြစ်ကြောင်း နည်းပြ ဖာဂူဆန်က ပြောကြားလိုက်သည်။**

(အင်တာနက်)

ကိုးကားရေးသားသူ - မောင်မောင်မြင့်ဆွေ



မစ်ဒယ်ဘရော့တိုက်စစ်မှူး ဗီဒူကာ။
(ဓာတ်ပုံ-အင်တာနက်)

ဗီဒူကာ မစ်ဒယ်ဘရော့မှ ထွက်ခွာမည်

လန်ဒန် မေ ၁၅

မစ်ဒယ်ဘရော့တိုက်စစ်မှူး ဗီဒူကာအနေဖြင့် မစ်ဒယ်ဘရော့တွင်ဆက်လက်ကစားသင့်၊မကစားသင့်ကို သေချာစွာ မဆုံးဖြတ်ရသေးကြောင်း ၎င်းကပြောကြားလိုက်သည်။

ဆက်သွယ်ခေါ်ယူ

အသက် ၃၁ နှစ် အရွယ်ရှိ သြစတြေးလျတိုက်စစ်မှူး ဗီဒူကာသည် ပို့စ်မောက်နှင့် နယူးကာဆယ်အသင်းများက ဆက်သွယ်ခေါ်ယူလျက်ရှိရာ ၎င်းအနေဖြင့် လောလောဆယ်တွင် မည်သည့်ဆုံးဖြတ်ချက်မျှ မချရသေးဟု ဆိုသည်။

ထွက်ခွာမည်

ဗီဒူကာသည် ယခုနှစ် ဘောလုံးရာသီ၌ မစ်ဒယ်ဘရော့အသင်းအတွက် ပရီမီယာလိဂ်အပါအဝင်အခြားပွဲစဉ်များ၌ စုစုပေါင်း ၁၉ ဂိုး သွင်းထားနိုင်ခဲ့သည်။ မစ်ဒယ်ဘရော့တိုက်စစ်မှူး ဗီဒူကာ အား အသင်းနည်းပြ ဆောက်ဂိတ်က မစ်ဒယ်ဘရော့၌ ဆက်လက် ကစားစေလိုသော်လည်း လာမည့်ဘောလုံးရာသီ၌ အခြားဘောလုံးအသင်းတစ်သင်းသို့ထွက်ခွာမည်ဟု ဗီဒူကာက ပြောကြားခဲ့သည်။

ဗီဒူကာသည် မစ်ဒယ်ဘရော့အတွက် လိုအပ်သော ကစားသမားတစ်ဦးဖြစ်ကြောင်း နည်းပြ ဆောက်ဂိတ်က ပြောကြားသည်။ **(အင်တာနက်)**

စကော့ဘရောင်း ဆဲလ်တစ်သို့ ပြောင်းရွှေ့မည်

ဟိုင်ဘာနင်ကလပ်မှ စကော့ဘရောင်း။
(ဓာတ်ပုံ-အင်တာနက်)

လန်ဒန် မေ ၁၅

ဟိုင်ဘာနင်ကလပ်မှ စကော့ဘရောင်းသည် ဆဲလ်တစ်အသင်းသို့ ပြောင်းရွှေ့ကစားရန် နီးစပ်နေပြီဖြစ်ကြောင်း ဆဲလ်တစ်ကလပ်က ပြောကြားသည်။

စိတ်ဝင်စား

စကော့ဘရောင်းအား ပြောင်းရွှေ့ခအဖြစ် ပေါင်၄ဒသမ ၅သန်းပေးရေး ဟိုင်ဘာနင်နှင့် ပြောဆိုဆွေးနွေးပြီး ဖြစ်ကြောင်း၊ အပြီးသတ်ဆွေးနွေးမှုများ ပြုလုပ်ရန်သာကျန်ရှိတော့ကြောင်း ဆဲလ်တစ်ကလပ်က ဆက်လက်ပြောကြားသည်။ စကော့ဘရောင်းအား မစ်ဒယ်ဘရော့ကလည်း ကမ်းလှမ်းခဲ့ရာ နှစ်ဖက်အသင်းများ ဆွေးနွေးညှိနှိုင်းမှုအဆင်မပြေခဲ့၍ ဆဲလ်တစ်က ခေါ်ယူရန် ကြိုးစားခဲ့ခြင်းဖြစ်သည်။ အသက်၂၁နှစ်အရွယ်ရှိ စကော့ဘရောင်းသည် ယခုနှစ်ရာသီတွင် ခြေစွမ်းပြနိုင်သော ကစားသမားဖြစ်ရာ ပရီမီယာအသင်းများက စိတ်ဝင်စားခြင်းခံရသော ကစားသမားတစ်ဦးဖြစ်သည်။ **(အင်တာနက်)**

ချယ်လ်ဆီးကွင်းလယ်ကစားသမား မီခေးလ် အက်ဖ်အေဗိုလ်လုပွဲနှင့်လွဲပြီ

ချယ်လ်ဆီးအသင်း ကွင်းလယ်ကစားသမား ဂျွန်အိုဘီမီခေးလ်။ (ဓာတ်ပုံ-အင်တာနက်)

လန်ဒန် မေ ၁၅

ချယ်လ်ဆီးအသင်း ကွင်းလယ် ကစားသမား ဂျွန်အိုဘီမီခေးလ်သည် အဲဗာတန်နှင့်ပွဲတွင် ခြေထောက်ဒဏ်ရာရရှိခဲ့သဖြင့် မန်ယူနှင့်ကစားမည့် အက်ဖ်အေဖလားဗိုလ်လုပွဲ၌ ပါဝင်နိုင်မည်မဟုတ်ကြောင်း သိရသည်။

ထုတ်ပယ်

မီခေးလ်သည် အဲဗာတန်နှင့်ပွဲ၌ခြေထောက်ကြွက်သားဒဏ်ရာ ရရှိခဲ့သဖြင့် အက်ဖ်အေဖလားပွဲ၌ ထည့်သွင်းကစားမည့် ကစားသမား စာရင်းမှ ချန်လှပ်လိုက်ပြီဖြစ်ကြောင်းလည်း မော်ရင်ဟိုကပြောကြားသည်။ နိုင်ဂျီးရီးယား ကွင်းလယ် ကစားသမားနှင့် ချယ်လ်ဆီးကွင်းလယ်ကစားသမားမီခေးလ်သည် နောက်ပိုင်းပွဲစဉ်များ၌ ကွင်းလယ်၌ ခြေစွမ်းပြကစားလာနိုင်သူဖြစ်သည်။

(အင်တာနက်)

ဟမ်းဘတ်မာစတာတင်းနစ်ပြိုင်ပွဲ ဂျာမနီမှ ဖီးလစ်ခိုစခရီဘာ အနိုင်ရရှိ

ဖီးလစ်ခိုစခရီဘာ၏ ကစားဟန်။
(ဓာတ်ပုံ-အင်တာနက်)

ဘာလင် မေ ၁၅

ဂျာမနီနိုင်ငံ ဟမ်းဘတ်မြို့တွင် မေ ၁၄ ရက်က ကျင်းပသော ဟမ်းဘတ် မာစတာ တင်းနစ်ပြိုင်ပွဲတွင် ဆိုက်ပရပ်စ်မှ မာကော့စ်ဘတ်ဒါတစ်အား ဂျာမနီနိုင်ငံမှ ဖီးလစ်ခိုစခရီဘာက အနိုင်ရရှိသွားသည်။

ဖီးလစ်ခိုစခရီဘာသည် မာကော့စ်ဘတ်ဒါတစ်အား ၆-၃၊ ၇-၆ ဖြင့် နှစ်ပွဲပြတ် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)

ထိမ်းမြားမင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ကျွန်တော်ကျွန်မတို့၏(၁၃-၅-၂၀၀၇)ရက်တွင် နေပြည်တော် မြို့တော်ခန်းမ၌ကျင်းပပြုလုပ်သော ထိမ်းမြားမင်္ဂလာညှော်ခံပွဲအခမ်းအနားသို့ မေတ္တာဖြင့်မင်္ဂလာလက်ဖွဲ့များပေးပို့ချီးမြှင့်ပါသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့်မိသားစု၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီးဒေါ်မြမြစန်းနှင့် မိသားစု၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့အားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ဇနီး ဒေါ်ခင်နှင်းဝေတို့အားလည်းကောင်း၊ မင်္ဂလာလက်ထပ် လက်စွပ်ဆင်မြန်းပေးပါသော အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာနှင့် ဇနီး ဒေါ်ကြူကြူဝင်းတို့အားလည်းကောင်း၊ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ဇနီးများ၊ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော တရားသူကြီးချုပ် ဦးအောင်တိုးအားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ကြပါသော အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်ဇနီးများ၊ ဒုတိယဝန်ကြီးများနှင့်ဇနီးများ၊ စစ်ဘက်၊နယ်ဘက်မှ ဂုဏ်သရေရှိပုဂ္ဂိုလ်များအားလည်းကောင်း၊ မေတ္တာဖြင့် ရတနာအလှဆင်မြန်းပေးသော New Star စိန်ရွှေရတနာဆိုင်အားလည်းကောင်း၊ အကျွေးအမွေးဖြင့်ညှော်ခံပေးပါသော နေပြည်တော်မှ ရှိုင်ရယ်ကုမုဒြာဟိုတယ်မှ ဝန်ထမ်းမိသားစုများနှင့် နေပြည်တော်မြို့မဈေးမှ ရွှေပြည်တော်မုန့်တိုက်အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားအား မေတ္တာဖြင့်ကူညီပေးပါသော နေပြည်တော် မြို့တော်စည်ပင်သာယာရေးကော်မတီမှ အရာထမ်း၊ အမှုထမ်းများအားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် သူငယ်ချင်းများအားလည်းကောင်း၊ ထိမ်းမြားမင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်အားပေးကြသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်အောင်ဇော်ရဲမြင့် + မအေးမြအောင်

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ သီရိမွန်ပလာဇာ၊ ၄ လမ်း၊ တိုက် ၁၊ ပထမထပ်နေ ဦးသန်းဦး-ဒေါ်စန်းစန်းငွေ(ရတနာမြိုင်ရောင်းဝယ်ရေး၊ ဘုရင့်နောင်ပွဲရုံ)တို့၏ သားကြီး

မောင်နေထွန်းဦး
(Second Year, Physics)
နှင့်
ဧရာဝတီတိုင်း၊ ဟင်္သာတမြို့နယ်၊ ပေါ်သစ်ကျေးရွာနေ (ဦးအောင်မြင့်လေး)-ဒေါ်တင်ရီတို့၏ တစ်ဦးတည်းသောသမီး

မဇာနွယ်အောင်
(B.Sc, Botany)

တို့သည် နှစ်ဖက်သော မိဘများ၏ သဘောတူ ခွင့်ပြုချက်အရ ၁၅-၅-၂၀၀၇ရက်တွင် ရန်ကုန်တိုင်းတရားရုံး ဦးစီးအရာရှိ ဒေါ်တင်ကြူကြူဝင်း၏ ရှေ့မှောက်၌ ကတိသစ္စာပြု၍ လက်မှတ်ရေးထိုးတရားဝင်လက်ထပ် ပြီးစီးပါကြောင်း။

မောင်နေထွန်းဦး-မဇာနွယ်အောင်။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးစိန်လင်း (CDC No 35967)၏ Second Engineer Officer လက်မှတ်သည် သဃ်န်းကျွန်း BOC မှတ်တိုင်အနီးတွင် ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အမြန်ဆုံး အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၀-၂၀၉၀၇။**

ကျေးဇူးဆပ်ပါမည်

ကျွန်တော် အောင်နိုင်ဦး(CDC-42908)၏ Allotment Order ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၅၄၆၇၈၆။**

ကလေးနာမည်ပေး
ဆရာကြီးရာဇာဇော်ဝင်း
(L.L.B.)နှင့်ဆက်သွယ်ပါ။(ပိတ်ရက်မရှိ)
01- 394727,09-5123509

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
ပြည်တွင်းအခွန်များဦးစီးဌာန
အမြတ်ခွန်ဌာနခွဲ
ဝင်ငွေကြေညာလွှာတင်သွင်းရန်နှိုးဆော်ခြင်း

၁။ အမြတ်ခွန်ဥပဒေအရ အခွန်စည်းကြပ်ခံရပြီးသည့် အခွန်ထမ်းအားလုံးနှင့် ၁-၄-၂၀၀၆ရက်မှ ၃၁-၃-၂၀၀၇ရက်အထိ ဘဏ္ဍာနှစ်အတွင်း ၁၀၀၀၀ကျပ်နှင့် အထက်ဝင်ငွေ သို့မဟုတ် အမြတ်စွန်းငွေရရှိသူများသည် ဝင်ငွေကြေညာလွှာပုံစံတွင် ပြည့်စုံစွာရေးသွင်း၍ ကိုယ်တိုင်လက်မှတ်ရေးထိုးပြီး ၂၀၀၇ခုနှစ် ဇွန်လ၃၀ရက်ထက်နောက်မကျဘဲ သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးသို့ အရောက်ပေးပို့ရန် နှိုးဆော်ပါသည်။

၂။ ဝင်ငွေကြေညာလွှာပုံစံများကို သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးတွင် အခမဲ့ရယူနိုင်ပါသည်။ ဝင်ငွေကြေညာလွှာကို လူကိုယ်တိုင် သို့မဟုတ် စာတိုက်မှမှတ်ပုံတင်ချောစာဖြင့် ပေးပို့နိုင်ပြီး လူကိုယ်တိုင်ပေးပို့ပါလျှင် လက်ခံရရှိကြောင်း အထောက်အထားကို သက်ဆိုင်ရာရုံးမှ ထုတ်ပေးမည်ဖြစ်ပါသည်။

၃။ ဝင်ငွေကြေညာလွှာတင်သွင်းရန်နောက်ဆုံးရက်ဖြစ်သည့် ၂၀၀၇ခုနှစ် ဇွန်လ၃၀ရက်မှာ ရုံးပိတ်ရက် စနေနေ့ဖြစ်သည့်အလျောက် ရုံးပြန်ဖွင့်သည့် ၂၀၀၇ ခုနှစ် ဇူလိုင်လ ၂ ရက်ကို ဝင်ငွေကြေညာလွှာတင်သွင်းရန် နောက်ဆုံးရက်အဖြစ် သတ်မှတ်၍ ၂၀၀၇ခုနှစ် ဇူလိုင်လ၂ရက်(တနင်္လာနေ့)တွင် သက်ဆိုင်ရာရုံးအသီးသီးကို ညနေပိုင်း ၁၈း၀၀ နာရီအထိ ဖွင့်လှစ်၍ ဝင်ငွေကြေညာလွှာများကို လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၄။ မရှင်းလင်းသောအချက်များရှိပါက မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

ဝင်ငွေကြေညာလွှာတင်သွင်းရန်နောက်ဆုံးရက် (၃၀-၆-၂၀၀၇)

ထွန်းနွယ်
ညွှန်ကြားရေးမှူး
အမြတ်ခွန်ဌာနခွဲ

မင်္ဂလာဆုတောင်း

ချစ်ခင်လေးစားရပါသော
ကိုကြီး ကိုအောင်ဇော်ရဲမြင့် နှင့် ညီမလေး မအေးမြအောင်တို့၏ မင်္ဂလာဦးမှစ၍ နှစ်တစ်ရာတိုင် ကျန်းမာ၊ ချမ်းသာစွာဖြင့် ချစ်ခင်ပျော်ရွှင်စွာ ပေါင်းဖက်နိုင်ကြပြီး လောကီ၊ လောကုတ္တရာ အကျိုးပြုနိုင်အောင် တိုးတက်ကြီးပွား ချမ်းသာကြပါစေ။ သားကောင်း၊ သမီးကောင်း ရတနာများ တိုးပွားကြပါစေ။

ဆုမွန်ကောင်းတောင်းလျက်
မကေခိုင်ရဲမြင့်

အမည်မှန်

တာမွေ(အထက-၃) အဋ္ဌမတန်း-B မှ အဖ ဦးထွန်းကျော်၏ သမီး နော်ပေါလာ(ခ) မလှဲ့လှဲ့ဝင်းအား မလှဲ့လှဲ့ဝင်းဟု ခေါ်ပါရန်။
မလှဲ့လှဲ့ဝင်း။

အမည်ပြောင်း

အဖဦးခင်စိန် ၁၂/မရက(နိုင်) ၀၂၉၄၄၂၏သား အထက(၁)ဒဂုံ၊ Grade-I(F)မှ မောင်တင့်လွင်ဦးအား မောင်ထက်အောင်ပိုင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ထက်အောင်ပိုင်။**

ဥဒါန်းသစ်စာပေ
ညိုလွှမ်းအောင်
ချစ်သူ၏ သမုဒ္ဒယကောက်ကြောင်း
ထွက်ပြီ

အမြန်ရောင်းမည်။
CITY BUS
ရခ (CNG) (၂၁၈) ယာဉ်လိုင်း
- 095170306

INVITATION FOR TENDER
(TENDER NO. 4(T) MPE/ HSD (2)/2007-2008)

1. Sealed Tenders are invited for the Myanma Petrochemical Enterprise, the Ministry of Energy for the Supply of High Speed Diesel Oil (24,000 ±10%) Metric Tons. (Gas Oil Regular 0.5%)
2. Tender Closing Date : (24-5-2007) at (12:00)hrs noon.
3. Tender Opening Date : (24-5-2007) at (13:00) hrs noon.
4. Delivery Time : Within June 2007
5. Tender Documents and detail information are available at the Department of finance, Myanma Petrochemical Enterprise, Nay Pyi Taw, during office hours commencing (16-5-2007)on payment of the one Hundred (100)FEC per set.
6. Only bid from tenderer who has purchased tender documents officially from Myanma Petrochemical Enterprise will be accepted for evaluation.

Managing Director
Myanma Petrochemical Enterprise.

သင့်သွေးဖြင့်
အသက်ကယ်ပါ

ကျိုက်သလွံစေတီ ပြုပြင်တည်ဆောက်ရေး လှူဒါန်းနိုင်

ရန်ကုန် မေ ၁၅

မွန်ပြည်နယ် မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလွံစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း ပြုပြင်တည်ဆောက်မှုလုပ်ငန်းများ အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိသည်။ ယင်းဆောင်ရွက်မှုလုပ်ငန်းများအတွက် ဆက်သွယ်လှူဒါန်းလိုသူများသည် ပြုပြင်တည်ဆောက်မှုလုပ်ငန်းကော်မတီဥက္ကဋ္ဌ မော်လမြိုင်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင် ဖုန်း-၀၅၇-၂၄၈၇၈၊ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း ဖုန်း-၀၅၇-၂၃၀၀၄ နှင့် ဘုရား ဖုန်း-၀၅၇-၂၁၃၄၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

TOKIWA Special
ကျောင်းသုံးစာရေးခဲတံနှင့်ရောင်စုံခဲတံဘူးများ ရောင်းချခြင်း
မြန်မာတစ်နိုင်ငံလုံး၌ အစဉ်အမြဲ သုံးစွဲနေသော
TOKIWA Special အမှတ်တံဆိပ် ကျောင်းသုံးစာရေးခဲတံနှင့် ရောင်စုံခဲတံဘူးများကို ကျောင်းသား/ကျောင်းသူများ ဈေးနှုန်းသက်သာစွာ ဝယ်ယူသုံးစွဲနိုင်ရန်အတွက် ကျောင်းများမှ မြန်မာတိုက်ဝါကော်ပိုရေးရှင်း ရန်ကုန်နှင့် မန္တလေးမြို့များသို့ တိုက်ရိုက်မှာကြား ဝယ်ယူနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
ဆက်သွယ်ရန်နှင့် အသေးစိတ် သိရှိရန်အတွက်
ဒေါ်ရွှေဇင်လတ်၊ အမှတ် ၄၄(ဘီ)၊ အမှတ်(၃)လမ်းမကြီး၊ ပျဉ်းမပင်စက်မှုဇုန်၊ မင်္ဂလာဒုံမြို့နယ်၊ရန်ကုန်။ ၀၁-၆၃၈၂၆၂၊ ၇၀၃၇၆၈၊ ၇၀၆၉၇၄။
ဦးထွန်းထွန်းအောင်၊ အမှတ်(၁၀၃) သစ်စက်ဝင်း၊ အမရပူရမြို့နယ်၊ မန္တလေး၊ ၀၂-၇၀၂၄၆၊ ၇၀၆၉၇၊ ၇၀၆၉၈။

"အောင်"-ဗဟုသုတ၊ မြန်မာစာ၊ အင်္ဂလိပ်စာ၊
ဥပဒေ ဝင်ခွင့် သင်တန်း
ဝါရင့်ပညာရှင်များ သင်ကြားမည်။ ၅၆၃၊ ပထပ်၊ ကုန်သည်လမ်း
MAC TOWER၊ ၃၈၇၄၁၂၊ ၂၉၆၄၄၃၊ ၀၉ ၅၁၀ ၅၅၉၇

ဦးအောင်ဟိန်းကျော်
-Translation
သီးသန့်တန်း ဖွင့်ပြီ
အင်္ဂလိပ်စကားပြော
အင်္ဂလိပ်စာ ရေးနည်း
● အလွတ်မကျက်ဘဲပြောတတ်ရမည်
● နိုင်ငံခြားသားများနှင့်လေ့ကျင့်သည်
● အခြေခံမှစ၍ရေးတတ်အောင်သင်သည်
၁၈၂ ဆိပ်ကမ်းသာလမ်းအလယ်၊ ရန်ကုန်။ Ph- 09-5171841

ခိုင်ချောင်းသာ မှ ကြိုဆိုပါသည်။

ခေတ်မီသူတိုင်း ပင်လယ်ကမ်းခြေသာယာမှုကို ခံစားတတ်ကြသည်။
ချောင်းသာကမ်းခြေသည် မိုးဥတုတွင်လည်း စိတ်ဝင်စားဖွယ်ကောင်းပါသည်။

ခိုင်ချောင်းသာ

မိုးရာသီအထူးနှုန်း ၄၀ ရာခိုင်နှုန်းလျှော့မည်။
(မေလ၁၅ရက်မှ ဩဂုတ်လ ၃၁ရက်အထိ)

ရန်ကုန် ဖုန်း - ၂၂၆၆၂၈၊ ၂၂၆၆၂၉။
ချောင်းသာ ဖုန်း-၀၄၂-၄၂၁၁၇၊ ၀၉-၅၂၀၀၆၀၆။
အမှတ်၁၁၆/၈၊ ပထမထပ်၊ ၁၅လမ်း၊ လမ်းမတော်မြို့နယ်။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၁၉၃၅၂၊ Honda C 90 Custom ယာဉ်လက်ဝယ်ရှိသူ အမည် ဦးဝင်းဇော် မှတ်ပုံတင်အမှတ် ၉/မရတ(နိုင်)၀၆၂၀၁၉မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့။

မအေးအေးမိုး အမြန်ပြန်လာပါ

မှတ်ပုံတင်အမှတ်-၁၂/ကတတ(နိုင်)၀၀၁၂၂၁

အဖေနဲ့အမေနေမကောင်းဖြစ်နေပါသည်။ မမကြီးနွဲ့နွဲ့ဝင်း၊ ကိုကြီးစံဝင်း၊ ကိုကြီးကြည်ဦး၊ ကိုကြီးခင်မောင်ဦး၊ မမအေးအေးခိုင်တို့မောင်နှမအားလုံးက ညီမလေးကိစ္စနဲ့ အပြစ်များအားလုံး ခွင့်လွှတ်တယ်၊ ကိုကြီးနဲ့ မမတို့မောင်နှမအားလုံးလည်း စိတ်မကောင်းဖြစ်နေကြတယ်၊ ဤသတင်းစာဖတ်ပြီးပြီးချင်း အမြန်ဆက်သွယ်ပြီးပြန်လာပါ။

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ပြည်မြို့၊ ခေတ္တရာမြို့သစ်၊ ဘုရင့်နောင်လမ်းမကြီးနေ ဦးလှအေး-ဒေါ်သန်းစိန်(စစ်သူကြီးစားသောက်ဆိုင်)၏ သားဖြစ်သူ မောင်ဝင်းမင်းလင်း ၇/ပမန(နိုင်)၁၂၅၃၄၆သည် မိဘ၏အရှက်သိက္ခာကို ကျဆင်းအောင်ပြုလုပ်ခြင်း၊ မိဘစိတ်ဆင်းရဲအောင်ပြုလုပ်ခြင်းကြောင့် ၎င်းအား ယနေ့မှစ၍ အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်ပြီး နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သမျှ ကိစ္စအဝဝကို လုံးဝတာဝန်မယူနိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးလှအေး-ဒေါ်သန်းစိန်
(စစ်သူကြီးစားသောက်ဆိုင်)၊ ပြည်မြို့၊
ဖုန်း-၀၉-၅၃၁၀၂၀၅၊ ၀၅၃-၂၄၆၀၀။

မင်းတပ်မြို့ မိုးရေချိန်စံချိန်သစ်တင်

နေပြည်တော် မေ ၁၅

ယနေ့မြန်မာစံတော်ချိန် နံနက်၉နာရီခွဲအချိန်တွင် မင်းတပ်မြို့၌တိုင်းထွာရရှိခဲ့သော မိုးရေချိန် ၁၅၁မီလီမီတာ(၅ဒသမ၉၄)လက်မသည် ယင်းမြို့၏ လွန်ခဲ့သောနှစ်ပေါင်း ၄၃နှစ်အတွင်း မေလအတွက် အများဆုံးတိုင်းထွာရရှိခဲ့သော ၂၄နာရီ မိုးရေချိန် စံချိန်သစ်ဖြစ်ပါသည်။ ယခင်စံချိန်ဟောင်းမှာ ၁၄၀မီလီမီတာ(၅ဒသမ၅၁)လက်မဖြစ်ပြီး ၂၀၀၄ခုနှစ် မေ ၂၀ရက်တွင် ရွာသွန်းခဲ့ခြင်းဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။ (သတင်းစဉ်)

ပရဟိတဂေဟာသို့ အလှူငွေ ပေးအပ်လှူဒါန်း

ပဲခူး မေ ၈

ပဲခူးမြို့ မြို့တွင်းကြီးရပ်ကွက် ပန်းခြံကုန်း ပရဟိတဂေဟာတွင်(၉)ကြိမ်မြောက် သိင်္ဂဟထပ်၊ ရဟန်းခံနှင့် ရှင်ပြုအလှူတော်မင်္ဂလာပွဲ ကို မေ ၂ ရက်က စည်ကားစွာကျင်းပရာ ပြည်တွင်းပြည်ပမှ စေတနာရှင်များက လာရောက်လှူဒါန်းကြသည်။

အခမ်းအနားတွင် ဂျပန်နိုင်ငံရောက် အလှူရှင်များ၏ လှူဒါန်းငွေကျပ် ၂၄ သိန်းကို အလှူရှင်များကိုယ်စား ဥဿာမြို့သစ်မှ ဦးမြင့်သိန်းနှင့်ဇနီး ဒေါ်အေးအေးမြင့်တို့က လှူဒါန်းပြီး မလေးရှားနိုင်ငံမှ အလှူရှင်များကလည်း ကိုယ်စားလှယ်ဖြင့် သင်္ကန်းပရိက္ခရာနှင့်ဆန်အိတ် စုစုပေါင်းငွေကျပ်တစ်သိန်းငါးသောင်း တန်ဖိုးကို လှူဒါန်းရာ **(ဝဲပုံ)** ပရဟိတဂေဟာ၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စ (သဒ္ဓမ္မဇောတိက)က အလှူခံတော်မူသည်။

လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာသို့ လှူဒါန်းလိုသူများသည် စာရေးကိရိယာ၊ အဝတ်အထည်နှင့်တစ်နေ့တာ အာဟာရတို့ကို ဖုန်း-၀၅၂-၂၄၁၄၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၁၇၃)**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့ ကိုင်းကုန်းပါဠိတက္ကသိုလ်ကျောင်းတိုက် တတိယနာယကဆရာတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဘဒ္ဒန္တဇောတိကအား ဂုဏာဝိသိဋ္ဌပူဇာသဘင်ပူဇော်ပွဲကို မေ ၅ ရက်က ကျင်းပရာ ဆရာတော်အား ပင့်ဆောင်တော်မူစဉ်။ (သတင်းစဉ်)

ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ရေးရှင်းလင်း

စစ်ကိုင်း မေ ၆

စစ်ကိုင်းခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးညွန့်ဆောင်နှင့်အဖွဲ့သည် ဧပြီ ၂၉ရက်က စစ်ကိုင်းမြို့နယ်အတွင်းရှိထန်းတောကျေးရွာအုပ်စု၊ မင်းကွန်းကျေးရွာအုပ်စုနှင့်ကင်းကျေးရွာအုပ်စုများသို့ သွားရောက်ပြီး ကျေးရွာစာကြည့်တိုက်ကော်မတီ၊ ကျေးရွာအေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့များနှင့်တွေ့ဆုံကာကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ရေးနှင့် စာကြည့်တိုက်အဆောက်အအုံများ ဖြစ်ပေါ်လာရေး ဦးစီးအရာရှိ ဦးညွန့်ဆောင်က ရှင်းလင်းပြောကြားသည်။

ထို့နောက် ဦးစီးအရာရှိ ဦးညွန့်ဆောင်နှင့်အဖွဲ့သည် ဧပြီ ၃၀ရက်က ထုံးဘိုကျေးရွာအုပ်စုနှင့် မယ်ဇလီချောင်း ကျေးရွာအုပ်စုများသို့ သွားရောက်ပြီး ကျေးရွာစာကြည့်တိုက် ကော်မတီ၊ ကျေးရွာအေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီများနှင့်တွေ့ဆုံပြီး ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စာကြည့်တိုက် အဆောက်အအုံများ ဖြစ်ပေါ်လာရေးအတွက်ဦးစီးအရာရှိဦးညွန့်ဆောင်က ဆွေးနွေးရှင်းလင်းတိုက်တွန်း ပြောကြားသည်။

(ခရိုင် ပြန်/ဆက်)

မိုင်းယောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ယန်းမွန်းကျေးရွာ ကျေးလက်ရေပေးရေးလုပ်ငန်းကို ဧပြီ ၂၈ရက်က ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ခေတ္တညွှန်ကြားရေးမှူး ဦးခင်ကျော်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမြင့်သိန်းတို့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်မောင်သိန်းနှင့် တာဝန်ခံ အင်ဂျင်နီယာဦးမြင့်လင်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

(၁၀၉)ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် မေ ၁၅

မြောက်ဥက္ကလာပမြို့ (၂)ရပ်ကွက် အာသာဝတီ(၁)လမ်း အမှတ် (၃၂)နေ ဦးအေးကို **(အပေါ်ပုံ)**သည် ဧပြီ ၂၅ ရက်က မြောက်ဥက္ကလာပ အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီးတွင် မြောက်ဥက္ကလာပ သွေးလှူရှင်အသင်း၏ စုပေါင်းသွေးလှူဒါန်းပွဲ၌ (၁၀၉)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(က-ပ)**



ပခုက္ကူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိသည့် ကျောက်စရစ်ကန်ကျေးရွာနှင့် ပေါက်လမ်းဆက်သွယ်သည့် မြေသားလမ်းဖောက်လုပ်မှုကို ဧပြီ ၂၀ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသက်ပိုင် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူးဦးသိန်းဇော်က လမ်းသားချဲ့ထွင်ရန် ကျောက်စရစ်မြေနီများ စုဆောင်းမှုကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဆောင်းပါးနှင့် ပတ်သက်၍ ကဏ္ဍအလိုက် ဆွေးနွေး

ပင်းတယ မေ ၄

ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်းတယမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ ဝန်ထမ်းများသည် ဧပြီ ၁၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်(စိတ်ပညာ) ရေးသားသည့် စည်းကမ်းရှိမှ ဆောင်းပါးကို ဧပြီ ၂၆ ရက် နံနက် ၁၀နာရီက ဦးစီးမှူးရုံးခန်းတွင် စာဖတ်ပွဲကျင်းပရာ ရပ်သံကျွမ်းကျင် (၃) ဒေါ်မေဇင်ဦးက စည်းကမ်းရှိမှ ဆောင်းပါးကိုဖတ်ကြားပြီး စာထောက် (၃) ဦးနိုင်ဝင်းထွန်းနှင့် (အငယ်တန်းစာရေး) ဒေါ်သန်းထူးစိန်တို့က ဆောင်းပါးနှင့်ပတ်သက်၍ ကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

တောင်ဥက္ကလာပမြို့ (၁၁)ရပ်ကွက် ၁ လမ်း အမှတ် ၂၀ နေ ဦးတင်စိန် (ပုသိမ်)ထောင်တာဝန်ခံ အရာရှိ(ငြိမ်း)က မေ ၁၄ ရက်က စိန်ရတုမွေးနေ့အတွက် ပုသိမ်မြို့ သမိုင်းဝင်ရွှေမုဋ္ဌော စေတီလုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူရန် ငွေကျပ်သုံးသိန်းကို ပုသိမ်အသင်း ရန်ကုန် (ဥက္ကဋ္ဌ) သီရိသုဓမ္မ မဏိဇောတဓရ ဦးစိုးဟန်လင်းထံ လှူဒါန်းစဉ်။ (က-ပ)

သထုံခရိုင် အမျိုးသမီးရေးရာအဖွဲ့ကြီးမှူး အင်္ဂလိပ်စာသင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

သထုံ မေ ၂

သထုံခရိုင် အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး၍ နွေရာသီအင်္ဂလိပ်သဒ္ဒါဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၁၄ရက် နံနက် ၉နာရီက သထုံမြို့ အလက(၁)ခန်းမ၌ ကျင်းပရာ သင်တန်းသားသင်တန်းသူ ၁၂၀ တက်ရောက်ကြသည်။ **(အောက်ပုံ)**

အဆိုပါသင်တန်းကို ၂၀၀၇-၂၀၀၈ ပညာသင်နှစ်တွင် သတ္တမတန်းနှင့် အဋ္ဌမတန်းသို့ တက်ရောက်ကြမည့်ကလေးငယ်များ အင်္ဂလိပ်သဒ္ဒါအခြေခံကောင်းများရရှိစေရန်နှင့် အင်္ဂလိပ်စာ အထွေထွေဗဟုသုတများရရှိစေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တ သုံးပတ်ကြာမြင့်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

အမြို့မြို့ အနယ်နယ် သတင်းများ

ကြို့ပင်ကောက်မြို့ ရွာမတောင်ရပ်ကွက်အေးသန်းဆန်စက်ဝင်း အတွင်းရှိ မီးလောင်လွယ်သည့် ချုံနွယ် ပိတ်ပေါင်းများကိုပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ ရပ်ကွက်အဖွဲ့ဝင်များနှင့် အရန်မီးသတ် တပ်ဖွဲ့ဝင်တို့က စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။ (၀၄၀)

အဆို၊ အက၊ အရေး၊ အတီး သင်တန်းဖွင့်ပွဲ ကျင်းပ

နွားထိုးကြီး မေ ၈

နွားထိုးကြီးမြို့နယ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး သင်တန်းဖွင့်ပွဲအခမ်းအနားကို မေ ၂ရက်က အခြေခံပညာအထက်တန်းကျောင်းရှိ အောင်သူရိန်ခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး သင်တန်းကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ သင်တန်းကြီးကြပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းဆရာများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

16-5 (15) 1 5/15/07, 1:42 PM

မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ ...

မဇ္ဈိမဒေသရှိ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် ဆောက်လုပ်ဆဲဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင် မြန်မာရဟန်းတော်များ၏အဖွဲ့ပိုင် သုံးထပ်ကျောင်း (ဗုဒ္ဓဘာသာပညာရေးဗိမာန်တော်ကြီး)အတွက် ကျောင်းအလှူရှင်ဖခင် ဦးချစ်စိန်အား ရည်စူး၍ မိခင်ကြီး ဒေါ်သောင်းကြည်နှင့် သားသမီး၊ မြေးတစ်စုတို့က ကျောင်းအလှူငွေကျပ်၂၅၀၀၀၀၀ကို ကျောင်း အကျိုးတော်ဆောင်ဆရာတော် အရှင်ဂန္ထသာရ(စာချနာယက မြို့နယ်သံဃ နာယကအဖွဲ့ဥက္ကဋ္ဌ မဟာသိမ်တော်ကြီးကျောင်း)ရှေ့မှောက်တွင် လှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင် ဒေါ်ကြူကြူခိုင် (မင်္ဂလာဈေး)က လက်ခံယူစဉ်။ (က–ပ)

ရှေးဦးသူနာပြု အခြေခံ သင်တန်းဖွင့်

ကျွန်းလှ မေ ၈

စစ်ကိုင်းတိုင်း ကျွန်းလှမြို့နယ်ကြက်ခြေနီအသင်းက ကြီးမှူးဖွင့်လှစ်သည့် ရှေးဦးသူနာပြုစုခြင်း အခြေခံအဆင့်သင်တန်းအမှတ်စဉ်(၁/၂၀၀၇)ဖွင့်ပွဲကို မေ ၄ရက် နံနက်ကမြို့နယ်စုပေါင်းရုံးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ(ကိုယ်စား) ဒုတိယဦးစီးမှူး ဦးညွန့်ဆန်းထွန်း **(အောက်ပုံ)**နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းမြင့်တို့က အမှာစကားပြောကြားပြီး မြို့နယ်ဆရာဝန်ဒေါက်တာတင်ငွေနှင့်မြို့နယ်ကြက်ခြေနီ ဒုတိယတပ်ရင်းမှူးဦးတက်နေထွန်းတို့က သင်တန်းဖွင့်လှစ်ရခြင်းအကြောင်းရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းသို့ သင်တန်းသူ၊ သင်တန်းသား ၂၈၅ဦး တက်ရောက်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် ကျောက်ကုန်းတပင်ရွှေထီးလမ်းအမှတ် ၅၉(ဘီ)နေ ဒေါ်ဖွားမြင့်နှင့်သားသမီး၊ မြေးတစ်စုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တိ=နိ (ရန်ကုန်ဌာန)အုပ်ချုပ်ရေးမှူး(ဘဏ္ဍာ) ဦးသိန်းကျော်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

အမြို့မြို့ အနယ်နယ် သတင်းများ

အဆို၊ အက၊ အရေး၊ အတီး အခြေခံသင်တန်း မြင်းမူ၌ဖွင့်

မြင်းမူ မေ ၁၀

မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး အခြေခံသင်တန်း ဖွင့်ပွဲ အခမ်းအနားကို မေ ၁ရက် နံနက် ၉နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး ရွှေပြည်သစ် ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးကျော်သောင်းက အမှာစကား ပြောကြားပြီး သင်တန်းမှူး မြို့နယ် သဘင်အစည်းအရုံး အလုပ်အမှုဆောင် ဦးကံချွန်က သင်တန်းစည်းကမ်းများကိုရှင်းလင်းပြောကြားသည်။

အဆိုပါ အခြေခံသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၁၄၅ဦး တက်ရောက်ကြပြီး သင်တန်း ကာလမှာ ရက်သတ္တ လေးပတ် ကြာမြင့်မည် ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပြင်ဦးလွင်ခရိုင် မိခင်/ကလေး ကြီးကြပ်ရေးအဖွဲ့ကြီးမှူး အရန်သားဖွားသင်တန်းဖွင့်၊ စာရေးကိရိယာထောက်ပံ့

ပြင်ဦးလွင် မေ ၁၀

မန္တလေးတိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ ကြီးကြပ်ပံ့ပိုးမှုဖြင့် ပြင်ဦးလွင်ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော အရန်သားဖွားသင်တန်း အမှတ်စဉ်(၂/၂၀၀၇)သင်တန်းဖွင့်ပွဲ အခမ်းအနားကို မေ ၂ရက်က ပြင်ဦးလွင်မြို့ ပြည်သူ့ဆေးရုံကြီး၌ ကျင်းပသည်။

တက်ရောက်

သင်တန်းဖွင့်ပွဲသို့ ပြင်ဦးလွင်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးမင်းလွင်၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာလွင်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌများနှင့် ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ကြသည်။

ရည်ရွယ်ချက်ရှင်းလင်း

သင်တန်းဖွင့်ပွဲတွင် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာလွင်က သင်တန်းဆင်း အမှာစကားပြောကြားပြီး ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့အတွင်းရေးမှူး ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာခင်စောဝင်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့် အသင်း၏ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားသည်။

သင်တန်းသို့ ပြင်ဦးလွင်ခရိုင် ငါးမြို့နယ်မှ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင် ၂၀တက်ရောက်ပြီး ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက သင်တန်းသူများကို စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။ **(၂၈၀)**

သက်ကြီးပူဇော်ပွဲ မိုင်းခတ်မြို့၌ ကျင်းပ

မိုင်းခတ် မေ ၃

မိုင်းခတ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသည့် သက်ကြီးပူဇော်ပွဲအခမ်းအနားကို ဧပြီ ၁၇ရက် နံနက်က မြို့နယ်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အသက်(၇၀)နှင့်အထက် အဘိုး၊အဘွား၃၆ဦးတို့အား ငွေကျပ်သုံးသိန်းခြောက်သောင်းတန်ဖိုးရှိ လှူဖွယ်ပစ္စည်းတို့ဖြင့် ပူဇော်ကန်တော့ကြသည်။ သက်ကြီးပူဇော်ပွဲ အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး ကျော်သူနှင့်ဇနီး၊ မြို့နယ်ဥက္ကဋ္ဌ ဦးငြိမ်းထွေးနှင့် ဇနီး၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်သန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များတက်ရောက်ကုသိုလ်ပြုကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မြန်မာ့အသံ နားဆင်စရာ

၁၃၆၉ ခုနှစ်
နယုန်လဆန်း ၂ ရက်
၁၇–၅–၂၀၀၇ (ကြာသပတေးနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ပုဗ္ဗဏှသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁း၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (ရေတာရှည်မြို့နယ် စိုက်ပျိုးဖြစ်ထွန်းအောင်မြင်မှုများ)
၁၁း၃၅ စာအုပ်စာပေ လူ့မိတ်ဆွေ
(၁) ဘယ်လောက်ဝေးဝေးနီးနီးလေး (အရှင်ဆန္ဒာဓိက ရွှေပါရမီတောရ)
(၂) အမွေမမီ မြေးအခွင့်အရေးဥပဒေ (ဦးကျော်ဇေယျ)
၁၂း၀၀ သိပ္ပံပညာသိကောင်းစရာ(စိတ်ချမ်းသာဖို့လေ့ကျင့်ရန်အကြောင်း–မောင်ဆုရှင်)
၁၂း၃၀ အစာနှင့် အာဟာရ (ဂုံးနှင့် ယောက်သွား)

ညနေပိုင်း

၁၆း၁၀ နိုင်ငံ့စီးပွားကျေးလက်ထုတ်ကုန်များ (မုံရွေးကြေးမုံ စံပြကျေးရွာမှ မြန်မာမှုန္ဓားအလှဆင်လုပ်ငန်း)
၁၆း၃၀ နိုင်ငံတကာစီးပွားရေးသတင်းပဒေသာ
၁၆း၄၅ ဆွေးနွေးခန်း (ပညာရဲရင့်နိုင်ငံ့ဂုဏ်မြှင့်)
၁၇း၁၅ သုတကမ္ဘာ
၁၈း၂၅ သံစဉ်တေးသွားမေတ္တာစကား
(၁) မျက်လုံးချင်းစကားပြောနေပြီ (ရန်အောင်)
(၂) မျက်ဝန်းစကား (စန္ဒီချစ်စု)
၁၈း၄၅ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန် ဦးဘုန်းမြင့်)
၁၉း၁၅ ဇာတ်လမ်းပမာနားဆင်စရာ (အရင်းနီးဆုံးရင်ခုန်သံ)
၁၉း၃၅ ခေတ်မရွေးသောတေး
(၁) ချစ်ပြုံးမဉ္ဇူ (ခိုင်ဝါ)
(၂) အသီးတစ်ရာအညှာတစ်ခု (တွံတေးသိန်းတန်)
(၃) မီးမီးလေးရဲ့ မေမေ့ကျောင်း (နွဲ့ယဉ်ဝင်း)
၂၀း၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) ပပဝင်း (ကိုကျော်ညွန့်)
(၂) စပယ်ပွင့်ချိန်ပြန်လာမယ်ဆို (တင်တင်ထွေး)
(၃) ချစ်ရက်ကယ်နှောင်း (စန္ဒရားချစ်ဆွေ)

ပေါင်မြို့ ချေးငွေရုံးခွဲ အဆောက်အအုံသစ်ဖွင့်

ပေါင် မေ ၈

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာ့အသေးစားချေးငွေလုပ်ငန်း မွန်ပြည်နယ် သထုံခရိုင် ပေါင်မြို့နယ် ပေါင်ချေးငွေရုံးခွဲ အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို မေ ၃ရက် နံနက် ၈နာရီက ပေါင်ချေးငွေရုံးခွဲ အဆောက်အအုံသစ်၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာ့အသေးစားချေးငွေလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးထိန်လင်းက ရုံးခွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး မြန်မာ့အသေးစားချေးငွေလုပ်ငန်း မွန်ပြည်နယ်မန်နေဂျာ ဦးလေးမြင့်နှင့် သထုံခရိုင် ရဲတပ်ဖွဲ့မှူး သိန်းသန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဖွင့်ပွဲ အထိမ်းအမှတ်အလံများပေးအပ်ကြသည်။ **(အောက်ပုံ)** **(က–ပ)**

စဉ့်ကူး မေ ၇

စဉ့်ကူးမြို့နယ် မိခင်/ ကလေးစောင့်ရှောက်ရေးအသင်း အသင်းဝင်အသိအမှတ်ပြုလွှာနှင့် ရင်ထိုးတံဆိပ်များပေးအပ်

စဉ့်ကူးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ အသင်းဝင်အသိအမှတ်ပြုလွှာနှင့် ရင်ထိုးတံဆိပ်များ ပေးအပ်ပွဲ အခမ်းအနားကို ဧပြီ ၂၉ရက် နံနက်၁၀နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာလွင်က အဖွင့်အမှာစကားပြောကြားပြီး အသင်းဝင် အသိအမှတ်ပြုလွှာနှင့်ရင်ထိုးတံဆိပ်၃၁၀၀ကိုမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ချိုချိုစန်းထံ စုပေါင်းပေးအပ်သည်။ **(အပေါ်ပုံ)**

ထို့နောက် ခရိုင်အတွင်းရှိ မြို့နယ်အသင်းများသို့ သွားရောက်ပြီး အသင်းများ၏ လုပ်ငန်းဆိုင်ရာများနှင့် စည်းရုံးရေး လုပ်ငန်းများကို ကွင်းဆင်း ဆောင်ရွက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

16-5 (16) 1 5/15/07, 1:42 PM

၂၀၀၆ခုနှစ်အတွက်လုပ်ရှားမှုထူးချွန်ပထမဆု၊ အကောင်းဆုံးစာတမ်းတတိယဆုနှင့် ပတ်ဝန်းကျင်ကျန်းမာရေးအထူးဆု(ယင်လုံအိမ်သာလွှမ်းခြုံမှု)ဆုရသော မန္တလေးတိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့အား ဂုဏ်ပြုကြိုဆို

မန္တလေး မေ ၁၅

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၁၇)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးတွင် ၂၀၀၆ခုနှစ်အတွက် လှုပ်ရှားမှုထူးချွန်ဆုပထမ၊ အကောင်းဆုံးစာတမ်းတတိယဆုနှင့် ပတ်ဝန်းကျင်ကျန်းမာရေးအထူးဆု (ယင်လုံအိမ်သာလွှမ်းခြုံမှု)ရရှိသော မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့အား ဂုဏ်ပြုကြိုဆိုသော အခမ်းအနားကို မေ ၆ရက် နံနက် ၈နာရီခွဲက မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်တက်ရောက်၍ ဂုဏ်ပြုကြိုဆိုသည်။ (အပေါ်ပုံ)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၁၇) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးတွင် ၂၀၀၆ခုနှစ်အတွက် လှုပ်ရှားမှုထူးချွန်ဆုပထမ၊ အကောင်းဆုံးစာတမ်းဆု တတိယနှင့် ပတ်ဝန်းကျင်ကျန်းမာရေးအထူးဆု (ယင်လုံအိမ်သာလွှမ်းခြုံမှု)ရ ဆုတံဆိပ်များနှင့်အတူ မြန်မာ့လေကြောင်းဖြင့် ရန်ကုန်မြို့မှ ပြန်လည်ရောက်ရှိကြသည်။

ဂုဏ်ပြုကြိုဆို

ထို့နောက် မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး၏ ဇနီး ဒေါ်ခင်ပြုံးဝင်းနှင့်အဖွဲ့အား မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ မန္တလေး မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးခင်မောင်သန်းနှင့်အဖွဲ့ဝင်များ၊ မန္တလေးခရိုင်နှင့်ကျောက်ဆည်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ မန္တလေးခရိုင် ခုနစ်မြို့နယ်နှင့် ကျောက်ဆည်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ကျောက်ဆည်ခရိုင်မှ ဧရာမောင်ဆင်အကအဖွဲ့နှင့်ချမ်းမြသာစည်မြို့နယ်နှင့် ပြည်ကြီးတံခွန် မြို့နယ်တို့က ဒိုးပတ်အဖွဲ့များက သောင်းသောင်းဖျဖျ ဂုဏ်ပြုကြိုဆိုကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မွေးစကလေးအသက်ရှုလာစေရန် အရေးပေါ်ကုသနည်းသင်တန်းဖွင့်

ကျောက်ပန်းတောင်း မေ ၁၅

မွေးကင်းစကလေး အသက်ရှုလာစေရန် အရေးပေါ် ပြုစုကုသခြင်းဆိုင်ရာ(ဆင့်ပွား) သင်တန်းဖွင့်ပွဲ အခမ်းအနားကို မေ၁၃ရက်က ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဦးကျော်စိုးက သင်တန်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ဒေါက်တာစန်းနွဲ့ရီနှင့် ဒေါက်တာခင်နိုင်သင်းတို့က မွေးကင်းစကလေး အသက်ရှုလာစေရန် အရေးပေါ်ပြုစုကုသနည်းကို ပို့ချသည်။ သင်တန်းသို့ ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ သူနာပြုနှင့် သားဖွားဆရာမများ တက်ရောက်ကြကြောင်း သိရသည်။ **(ကျန်းမာရေး)**

ဧပြီ ၂ရက်က တိုက်ကြီးမြို့မ ဈေးကြီးတွင် အများပြည်သူ ကျန်းမာရေးနှင့် ညီညွတ်သော သားငါးများ စားသုံးနိုင်ရေး၊ သားငါးတန်းများ ယင်လုံဆန်ခါဖြင့် ရောင်းချစေရေးအတွက် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် ဈေးအကျိုးဆောင်များ ကြည့်ရှု စစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

လုပ်ငန်းညှိနှိုင်းအစည်းအဝေး အတွေ့အကြုံရှင်းလင်း ကျေးလက်ပြည်သူများ အသိပညာတိုးပွားရေးဆောင်ရွက်

လားရှိုး မေ ၁၃

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်)၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေး အတွေ့အကြုံရှင်းလင်းပွဲ အခမ်းအနားကို မေ ၁၀ ရက်နှင့် ၁၁ ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း)ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လားရှိုး၌ ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၏ မှာကြားချက်များ၊ညွှန်ကြားရေးမှူးချုပ်၏မှာကြားချက်များကိုပြည်နယ်လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ခင်စန်းက ရှင်းလင်းဆွေးနွေးပြီး ၂၀၀၆– ၂၀၀၇ တတိယလေးလပတ် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် လုပ်ငန်းသုံးသပ်ချက်၊ ၂၀၀၇–၂၀၀၈ တစ်နှစ်တာ လုပ်ငန်းလျာထားချက်နှင့် လေးလပတ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်ရမည့် လုပ်ငန်းအခြေအနေများကို အသေးစိတ် ဆွေးနွေးကြသည်။

ထို့နောက် ပြည်နယ် လက်ထောက်ညွှန်ကြားရေးမှူးက ၂၀၀၇–၂၀၀၈ တွင် ခိုင်မာအောင်ဆောင်ရွက်ရမည့် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ကိုယ်ပိုင်အဆောက်အအုံရရှိရေး၊ စာကြည့်တိုက်များ သတ်မှတ်ချက်နှင့်အညီ အမြန်ဆုံး မှတ်ပုံတင်ရေး၊ ကျေးလက်ပြည်သူများ အသိပညာဗဟုသုတ တိုးပွားရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ကျေးရွာစာဖတ်ဝိုင်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ရေးတို့ကို အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။ **(ပြည်နယ် ပြန်/ဆက်)**

မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလ္လံစေတီ ပရိဝုဏ်အတွင်း ပြုပြင်တည်ဆောက်မှုလုပ်ငန်းများအတွက် ဧပြီ ၂၉ရက်က နှစ်ဖက်သောမိဘများကို ဦးထိပ်ထား၍ မော်လမြိုင်မြို့ ဒေါင်းမင်းရပ် (က)လမ်း အမှတ် ၁၃နေ ဦးနေဝင်းထွဋ်– ဒေါ်အေးသန္တာဦး၊ သား မောင်အောင်မင်းထက် မိသားစုက ငွေကျပ်သုံးသိန်းပေးအပ် လှူဒါန်းရာ ဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်းက လက်ခံယူစဉ်။ (၁၆၈)

အခြေခံကွန်ပျူတာနှင့် ပညာရည်မြှင့်တင်ရေး သင်တန်းဖွင့်၊ အလှူငွေပေးအပ်လှူဒါန်း

ချောင်းဦး မေ ၆

မုံရွာခရိုင် ချောင်းဦးမြို့နယ် အမြင့်တိုက်နယ်၌ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော နွေရာသီအခြေခံကွန်ပျူတာသင်တန်းနှင့် ပညာရည်မြှင့်တင်မှုသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၃၀ရက် နံနက် ၉နာရီက အမြင့်စံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်း မင်းလက်ဝါးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးစောလှထွန်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးညွန့်မောင်နှင့် မြို့နယ်အသင်း အတွင်းရေးမှူး ဒေါက်တာလှစိန်တို့က အမှာစကား ပြောကြားပြီး အလှူငွေပေးအပ်ပွဲ အခမ်းအနားကိုကျင်းပရာ အလှူရှင်များက သင်တန်းဖြစ်မြောက်ရေးအတွက် ငွေကျပ်တစ်သိန်းကိုပေးအပ်လှူဒါန်းရာ မြို့နယ်အသင်း အတွင်းရေးမှူး ဒေါက်တာလှစိန်က လက်ခံယူသည်။ **(ကြံ့ခိုင်ဖွံ့ဖြိုးရေး)**

ပညာ့အလင်း ကိုယ်ပိုင်စာကြည့်တိုက် အဆောက်အအုံဖွင့် ပညာပေးဟောပြော၊ စာဖတ်ဝိုင်းနှင့် သတင်းစာဖတ်ပြိုင်

သီပေါ ဧပြီ ၂၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် သီပေါမြို့နယ် အရှေ့ခြမ်းဒေသ ပညာပေးဟောပြောပွဲ၊ စာဖတ်ဝိုင်းနှင့် သတင်းစာဖတ်ပြိုင်ပွဲအခမ်းအနားဖွင့်ပွဲကို ဧပြီ ၃ရက် နံနက် ၁၀နာရီက စံလောင်းကျေးရွာကိုယ့်အားကိုယ်ကိုး ပညာ့အလင်းကိုယ်ပိုင်စာကြည့်တိုက် အဆောက်အအုံ၌ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးစိုင်းသာလှိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကျင်မြနှင့် စံလောင်းကျေးရွာဥက္ကဋ္ဌ ဦးမောင်ပုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

အခမ်းအနားတွင် စံလောင်းကျေးရွာ ဥက္ကဋ္ဌ ဦးမောင်ပုက အမှာစကားပြောကြားပြီး မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးစိုင်းသာလှိုင်က စာဖတ်ဝိုင်းနှင့် သတင်းစာဖတ်ပြိုင်ပွဲ ကျင်းပရခြင်း၏ ရည်မှန်းချက်ကိုလည်းကောင်း၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကျင်မြက လူမှောင်ခိုကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာများကိုလည်းကောင်း၊ မြို့နယ်အသင်း အတွင်းရေးမှူး ဦးစိုင်းပြုံးချိုက ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားရေးနှင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးကိုလည်းကောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် စာဖတ်ဝိုင်းနှင့်သတင်းစာဖတ်ပြိုင်ပွဲ ကျင်းပရာကျေးရွာစာကြည့်တိုက်မှူးများနှင့် စာကြည့်တိုက်ကော်မတီဝင်များ အပါအဝင်ဒေသခံပြည်သူ ၂၀မှ ၃၀အထိ ပါဝင်ယှဉ်ပြိုင်ကြပြီး သတင်းစာပါအကြောင်းအရာများကို ဝိုင်းဝန်းဆွေးနွေးကြကာ ဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ကြသည်။

သီပေါမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် မိုင်းလင်း၊ ကုန်းသာ၊ နမ့်အွန်(ကွန်ခိုက်)၊ နောင်အိန်ကျေးရွာအုပ်စုများရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များတွင် စာဖတ်ဝိုင်းနှင့်သတင်းစာဖတ် ပြိုင်ပွဲများကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကြေးပိဋကတ်တော်ပြုလုပ်ရန် အလှူငွေများလှူဒါန်း

ရန်ကုန် မေ ၁၅

ကြေးပိဋကတ်တော် အဘိဓမ္မာပိဋကဝင်–၂ကျမ်းမြောက် ဝိဘင်္ဂပါဠိတော်ကျမ်း အတွက် ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ (အစိုးရဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ)အရှင်မြတ်ထံသို့ ဒဂုံမြို့နယ် ပြည်ထောင်စုရိပ်သာ အမှတ်(၂၂/အေ)နေ ဗိုလ်လောင်းဇေယျာဆွေ၊ မသန္တာဆွေနှင့် မသိမ့်နီလာ၊ မော်ဘီမြို့ မင်းရဲကျော်စွာလမ်း အမှတ်(၅၁၇) နေ ဒေါ်တင်ကြည်၊တောင်ဥက္ကလာပမြို့နယ် ရတနာလမ်းမကြီး အမှတ်(၈) ရပ်ကွက် အမှတ်(၈၅)နေ ဘိုးဘိုးဘွားဘွားများနှင့် မိဘဦးကျော်နိုင်ဦး–ဒေါ်နန်းစပယ်မြင့်(ဖိုးလမင်း ရေခဲမုန့်)တို့က သမီးလေး မဆုမြတ်ကျော်နိုင်(ခ) မပြည့်ပြည့်(နှစ်နှစ်ပြည့်) မွေးနေ့အလှူ၊ မရမ်းကုန်းမြို့နယ် မြိုင်ဟေဝန်အိမ်ရာမြောက်ခြမ်း ရှစ်မိုင်လမ်းဆုံ တိုက် ၃ အခန်း ၉ နေ ဦးတင်အောင်မြင့်– ဒေါ်အေးအေးသန်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) ၉ ရပ်ကွက် ဆရာတင်လမ်း အမှတ်(၄၈၇)နေ ဗိုလ်မှူးသာနု(ငြိမ်း)–ဒေါ်သိန်းတင်တို့က ကြေးပြားသုံးချပ်စီနှင့်တာမွေမြို့နယ် ပျားရည်ကုန်းရပ်ကွက် ၁၄၈လမ်းနေ ဦးတင်ထိုက်စိန်–ဒေါ်သင်းပပ၊ သားမောင်ကျော်သီဟ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) ၂၈ ရပ်ကွက် အောင်ဒီပါလမ်းနေ ဗိုလ်ကြီးညွန့်တင်(ငြိမ်း)၊ သမီး ဒေါ်နွဲ့နွဲ့ဝင်း၊ ပုဇွန်တောင်မြို့နယ် အောက်ပုဇွန်တောင်လမ်း ဇယန်းဂေဟာနေ ဦးအောင်ကြင်–ဒေါ်ကြည်ကြည်၊ ပုသိမ်ကြီးမြို့ အောင်မင်္ဂလာလမ်းနေ ဦးမျိုးဝင်းမြင့်– ဒေါ်မြင့်မြင့်သန်း၊ မကွေးမြို့ ရန်ကင်းရပ်ကွက် မြို့ပတ်လမ်းနေ ဦးမောင်ကြီး–ဒေါ်လှရွှေ၊ အရှေ့ရန်ကင်း တိုက် ၁၆၂/၄နေ (ဦးလှခိုင်)–ဒေါ်သိန်းတင်အား အမှူးထား၍ ဒေါ်ဘေဘီခိုင်၏ မွေးနေ့အလှူ၊ သဃ်္ဃန်းကျွန်းမြို့နယ် ဆယ်သိန်းရပ်ကွက် သုမင်္ဂလာလမ်းနေ ဦးဘသန်း–ဒေါ်ငွေခင်၊ သမီး မရည်မွန်အောင်၊ သား မောင်ရန်ပိုင်ဦး၊ တာမွေမြို့နယ် ကျောက်မြောင်း ဣန္ဒာသယလမ်း အမှတ်(၇၃)နေ ဦးအောင်မြတ်–ဒေါ်တင်လှတို့အား ရည်စူး၍ သားသမီး၊ မြေးများ၊ ဣန္ဒာသယလမ်း အမှတ်(၆၅၁)နေ ဦးအောင်ပြည့်စုံ–ဒေါ်စိန်စိန်၊ မရမ်းကုန်းမြို့နယ် ခုနစ်မိုင် သလ္လာဝတီလမ်းနေ သမီးဖြစ်သူ ဒေါ်နီနီခိုင် မိသားစုက ဦးဘခိုင်–ဒေါ်စောမိတို့အား ရည်စူးအလှူ၊ သမိုင်း ဦးရေခဲလမ်း ခြံအမှတ်(၉၇)နေ ဒေါ်နီလာနွယ်၊ ရန်ကင်းမြို့နယ် ပါရမီလမ်းမကြီး အမှတ်(၄၅)နေ ဦးသက်ဦးတို့က ကြေးပြားနှစ်ချပ်စီ လာရောက်လှူဒါန်းခဲ့ကြသည်။ **(က–ပ)**

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ရတနာပုံမြို့သစ် တည်ဆောက်ရေးစီမံကိန်း ကြည့်ရှုစစ်ဆေး လုပ်ငန်းများ အရည်အသွေးပြည့်မီစွာ သတ်မှတ်ချိန်အတွင်းပြီးစီးရေး ဖြည့်ဆည်းပေး

နေပြည်တော် မေ ၁၅

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် တာဝန်ရှိသူများလိုက်ပါလျက် မေ ၁၄ ရက် နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ ပဒေသာမြို့သစ်တွင် စာတိုက်၊ ကြေးနန်း၊ အော်တိုအိတ်ချိန်းအဆောက်အအုံသစ် တည်ဆောက်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးပြီး တည်ဆောက်မှုလုပ်ငန်းများ အရည်အသွေးပြည့်မီစွာဖြင့် သတ်မှတ်ချိန်အတွင်း တည်ဆောက်ပြီးစီးရန် မှာကြားသည်။

မှာကြား

ထို့နောက် ဝန်ကြီးသည် ပြင်ဦးလွင်မြို့ အော်တိုအိတ်ချိန်းသို့ ရောက်ရှိလာရာ တာဝန်ခံအင်ဂျင်နီယာက ဆက်သွယ်ရေးစနစ်များ တပ်ဆင်ထားရှိမှု၊ လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို တင်ပြရာ ဝန်ကြီးက ဆက်သွယ်ရေးပစ္စည်းများကို စနစ်တကျ ကိုင်တွယ်ထိန်းသိမ်းရန်နှင့် ဆက်သွယ်ရေးစနစ်များ ကောင်းမွန်အောင်ဆောင်ရွက်ရေး မှာကြားသည်။

လိုက်လံကြည့်ရှု

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ရတနာပုံမြို့သစ် တည်ဆောက်ရေးစီမံကိန်းအတွင်း လမ်းများဖောက်လုပ်ပြီးစီးမှုအခြေအနေများကို မော်တော်ယာဉ်ဖြင့် လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဖြည့်ဆည်းဆောင်ရွက်

ဆက်လက်၍ ဝန်ကြီးသည် ရတနာပုံမြို့သစ် တည်ဆောက်ရေးစီမံကိန်းရှိ Teleport အဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိလာရာ တည်ဆောက်ရေးတာဝန်ခံများက တည်ဆောက်နေမှုအခြေအနေများ၊ဆက်လက်ဆောင်ရွက်ရန်များကို တင်ပြကြပြီး ဝန်ကြီးက Teleport အဆောက်အအုံအတွင်း ဖွဲ့စည်းတည်ဆောက်မှု၊ အတွင်းပိုင်းပစ္စည်းများတပ်ဆင်ရန် ဆောင်ရွက်ထားရှိမှုများကို အသေးစိတ်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

စာမျက်နှာ ၃ ကော်လံ ၄ ■

လေဖိအားနည်းရပ်ဝန်းကြောင့် မိုးကြီးနိုင်

နေပြည်တော် မေ ၁၅

ယနေ့မြန်မာစံတော်ချိန် နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သော အကာ့ရ်အမည်ရှိ ဆိုင်ကလုန်း မုန်တိုင်းသည် မြောက်အရှေ့ယွန်းယွန်းသို့ ရွေ့လျားခဲ့ကာ ယနေ့နံနက်စောစောပိုင်းတွင် ရခိုင်ပြည်နယ်မြောက်ပိုင်း မောင်တောမြို့နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်းမြို့တို့အကြားမှ ကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီး အားပျော့ကာ လေဖိအားနည်းရပ်ဝန်းအဖြစ် ဆက်လက်တည်ရှိနေသည်။

အဆိုပါ လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာအနှံ့အပြား၊ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်ပြီး ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန စက်အရန်ပစ္စည်းနှင့် စက်အစိတ်အပိုင်းများ ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေး ခင်းကျင်းပြသထားသော စက်အစိတ်အပိုင်းများကို ဤသို့တွေ့ရသည်။

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)



နိုင်ငံတော်နှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များကို အကျိုးပြုမည့် စက်အရန်ပစ္စည်းနှင့် စက်အစိတ်အပိုင်းများ ထုတ်လုပ်နိုင်ရေးပြပွဲ

ရန်ကုန် မေ ၁၅

စက်မှုဇုန်များမှ စက်ပစ္စည်းအမယ်သစ်များ ထပ်မံတိုးမြှင့်ထုတ်လုပ်ပေးနိုင်ရေးနှင့် လုပ်ငန်းရှင်များနှင့် တစ်ဦးချင်းညှိနှိုင်းထုတ်လုပ်နေခြင်းထက် ပညာရှင်များ၊ စက်မှုလုပ်ငန်းရှင်များနှင့် ပြန်ကြားရေးဝန်ကြီးဌာနရှိ ပညာရှင်ဝန်ထမ်းများပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်းက ပိုမိုအကျိုးရှိအောင်မြင်မည်ဟူသော ရည်ရွယ်ချက်တို့ဖြင့် ခင်းကျင်းပြသထားသော ပြန်ကြားရေးဝန်ကြီးဌာန စက်အရန်ပစ္စည်းနှင့် စက်အစိတ်အပိုင်းများ ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေး ခင်းကျင်းပြသပွဲကို ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း အစည်းအဝေးခန်းမ၌ မေ ၁၄ ရက်က ဖွင့်လှစ်ပြသခဲ့သည်။

လေ့လာကြည့်ရှု

ထိုပြပွဲကို မေ ၁၅ ရက်နှင့် ၁၆ ရက်များတွင်လည်း ဆက်လက်ခင်းကျင်းပြသထားရာ ပြည်တွင်းလုပ်ငန်းရှင်များက စိတ်ဝင်စားစွာ လာရောက်လေ့လာကြည့်ရှုလျက်ရှိသည်။ ပြပွဲသို့လာရောက်လေ့လာနေကြသော စက်မှုလုပ်ငန်းရှင်အချို့နှင့် မြန်မာ့အလင်းသတင်းအဖွဲ့က သွားရောက်တွေ့ဆုံ မေးမြန်းခဲ့ပါသည်။

အစားထိုးထုတ်လုပ်

ပြပွဲအတွင်း စက်အရန်ပစ္စည်းများ ခင်းကျင်းပြသထားမှုကို စိတ်ဝင်စားစွာ လေ့လာကြည့်ရှုနေသူတစ်ဦးကို မေးမြန်းရာ **"ကျွန်တော်က KME Engineering Group က မန်နေဂျင်းဒါရိုက်တာ ဦးဝေဖြိုးဆန်းပါ။ ဒီပြပွဲမှာ သံ၊ သံမဏိနဲ့လုပ်ထားတဲ့ ပစ္စည်းတွေ၊ ဖိုင်ဘာ၊ နိုင်လွန်စတဲ့ပစ္စည်းတွေနဲ့ ပြုလုပ်ထားတဲ့ စက်အရန်ပစ္စည်းတွေကို ကျွန်တော်တို့ အစားထိုးထုတ်လုပ်ပေးနိုင်မှုအနေအထားရှိ မရှိ လေ့လာကြည့်ရှုနေတာပါ"**ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။ *စာမျက်နှာ ၉ ကော်လံ ၁* ●

တွေ့ဆုံမေးမြန်းသူ-မောင်မောင်မြင့်ဆွေ

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)